


ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# မသူတော်ဘေး

(သုဗြဟ္မနတ်သား)

၈၃

ကျေးဇူးတော်ရှင်၊ အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

## မသူတော်ဘေး

(သုဗြဟ္မနတ်သား)

(၁၅–၆–၆၁)

ဘာတုံး . . . ဆိုလို့ရှိရင်ဖြင့် "အသဒ္ဓမ္မတော၀ါ" ဒါကလေး မှတ်ထားလိုက်စမ်းပါနော် . . . (မှန်ပါ့)။

"အသဒ္ဓမ္မတော၀ါ" ဆိုတာကလေး မှတ်ထားလိုက်စမ်းပါ၊ ဘာတဲ့တုံး . . . (အသဒ္ဓမ္မတော၀ါပါဘုရား)။

အသဒ္ဓမ္မတော၀ါ=မသူတော်တရားဘေးမှလည်းကောင်း..... (မှန်ပါ့)။

ဘာဘေးတဲ့တုံး (မသူတော်တရားဘေးပါဘုရား) မသူတော် တရားဘေး၊ ဘုန်းကြီးက နက်ဖြန် ပြန်ရမှာ ဒီဒကာဒကာမတွေ လဲ အတော်ကာယ်တင်ထားတယ်၊ မသူတော်ဘေးတွေ သင့်နေရစ် မှာကို သိပ်စိုးရိမ်တယ် . . . (မှန်ပါ့)။

**ဆရာဘုန်းကြီး အစိုးရိမ်ဆုံး**

မသူတော်ဘေးတွေ သင့်မှာကို ဘုရား–အစိုးရိမ်ဆုံး၊ ဆရာဘုန်းကြီး အစိုးရိမ်ဆုံးဆိုတဲ့ဥစ္စာ..... သေသေချာချာ မှတ်ကြစမ်းပါ . . . (မှန်ပါ့)။

ဘေးတကာ့ ဘေးထဲမှာ တခြားသော ဘေးတွေက တစ်ဘဝ တစ်ခါဘဲ နှိပ်စက်မှာ . .(မှန်ပါ့) မသူတော်ဘေးဟာ သိပ်ကြောက်စရာကောင်းပါတယ် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

တခြားသော ဥပမာမယ် . . အသတ်ဖြတ် ခံရတဲ့ဘေး တစ်ဘဝတစ်ခါ ခံလိုက်ရတာလဲ ကိစ္စမရှိပါဘူး၊ အရိုက်အနှက် ခံလိုက်ရလဲ တစ်ဘဝတစ်ခါ ခံလိုက်ရတာပဲ၊ ဘာမှ ကြောက်စရာ မရှိပါဘူး . . . (မှန်ပါ့) ဒီမသူတော်ဘေးကတော့ဖြင့် တစ်သံသရာလုံးမှာ အပါယ်ထဲက ခေါင်းမပြူနိုင်လောက်အောင်ဘဲ ကြောက်စရာ ကောင်းပါတယ် . . . (မှန်ပါ့)။

အပါယ်ထဲက ခေါင်းမပြူနိုင်လောက်အောင်ဘဲ ကြောက်စရာကောင်းတဲ့အတွက် ဘေးတကာ့ ဘေးမှာ ၂၅ ပါးသော "ရာဇတော၀ါ စောရတော၀ါ . . . " နဲ့ ဟောထားလိုက်တာ မောင်နိုင်တို့ ရပါလိမ့်မယ်နော် . . . (မှန်ပါ့)။

အဲဒီ ၂၅ ပါးသော ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးတုံး . . . (မသူတော်ဘေး ကြောက်စရာ အကောင်းဆုံးပါဘုရား)။

အေး . . . ပါဠိလိုသ ်တော့ "အသဒ္ဓမ္မတော၀ါ" လို့ မှတ်လိုက်

စမ်းပါနော် . . . (မှန်ပါ) မြန်မာလို ပြန်လိုက်တဲ့အခါကျတော့ မသူတော်ဘေးတဲ့ . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဘယ်ဘေး ကြောက်စရာကောင်းပါလိမ့် . . (မသူတော်ဘေး ပါဘုရား) မသူတော်ဘေး အလွန်ကြောက်စရာ ကောင်းတယ်။

မသူတော်ဘေးဆိုတာက တခြားမဟုတ်ဘူး၊ ဒကာဒကာမ တွေ သန္တာန် ဘုန်းကြီးက ဒကာဒကာမတွေ၏ ခန္ဓာကိုယ်ဟာ အနိစ္စ ခန္ဓာကိုယ်နော်၊ အနိစ္စနဲ့ မဂ္ဂနဲ့ဖြင့် တွဲရစ်ပါ၊ မမှာဘူး လား . . . (မှာပါတယ်ဘုရား)။

အဲဒါ မေ့နေပြီ၊ တပည့်တော်ကို နှိုးဆော်မည့် ဆရာဘုန်းကြီး ကလဲ ခပ်ဝေးဝေး ဖြစ်နေတယ်ဘုရာ့၊ တပည့်တော်တို့ကလဲ နဝကမ္မ ကိစ္စတွေက အင်မတန်မှ များသောကြောင့် မေ့နေတယ် ဘုရား . . . လို့ ဒကာဒကာမတွေက ဒီအတိုင်းပဲ မေ့ကြမယ် ဆိုလို့ရှိရင် အဲဒါ မသူတော်ဘေးသင့်တာ . . . (မှန်ပါ) ရှင်း ပလား . . . (ရှင်းပါပြီဘုရား)။

သူတော်ကောင်းတရားမေ့တာ ဘာဘေး သင့်တာတုံး . . . (မသူတော်ဘေးသင့်တာပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှင်းရှင်း လင်းလင်းပဲ မှာပါတယ်တဲ့၊ ဆရာဘုန်းကြီးနှင့်တကွ ဘုရားသည် ဒီ ဒကာ ဒကာမတွေအား ဘယ်ဘေးသင့်မှာ အစိုးရိမ်ဆုံးလဲ ဆိုတာ ပေါ်လာပါပြီ . . . (ပေါ်လာပါပြီဘုရား) ဘယ်ဘေး ပါလိမ့် . . . (မသူတော်ဘေးပါဘုရား)။

တစ်သံသရာလုံးမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် မေ့–ဆိုတဲ့ အဝိဇ္ဇာ၊ မေ့–ဆိုတာ အဝိဇ္ဇာချည့်ပဲ မှတ်ပေတော့ .... (မှန်ပါ့)။

ဖြစ်ပျက်တွေ မေ့ပြီးသကာလနေတာ ဘာပါလိမ့် (အဝိဇ္ဇာပါ ဘုရား) အဝိဇ္ဇာ ခေါင်းဆောင်နေတယ်သာ မှတ်လိုက်ပေတော့ . . . (မှန်ပါ့)။

အဲဒီ အဝိဇ္ဇာ တည်းဟူသော မသူတော်တရား၊ သူက အကုသိုလ်တရားဆိုတော့ မသူတော်တရားပေါ့ . . . (မှန်ပါ့) ဒုစရိုက်တရား ဖြစ်လေသောကြောင့် မသူတော်တရားပေါ့ . . . (မှန်ပါ့)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ဘေးတကာ့ ဘေးထဲမှာ ဘယ်ဘေးကြောက်စရာ အကောင်းဆုံးလဲ . . . (မသူတော်ဘေးကြောက်စရာအကောင်းဆုံးပါဘုရား) ပါဠိလိုသုံးလိုက်တော့ . . (အသဒ္ဓမ္မတောဝါပါဘုရား)။

အဲ . . . ဘုန်းကြီးက ဒကာဒကာမတွေမှာတယ်၊ ညြော် . . ညကျတော့ အန္တရာယ် ကင်းအောင်လို့ ပရိတ်တွေ ရွတ်ပြီးသကာလ နေကြငြားသော်လဲ သူတို့က ရွတ်သာရွတ်နေတာ သူတို့မှာ သင့်နေတဲ့ "အသဒ္ဓမ္မတောဝါ" လို့ သူတို့ ရွတ်တော့ရွတ်တာဘဲ၊ သူတို့ သင့်နေတာ သူတို့ မသိဘူး . . . (မှန်ပါ့)။

သူတော်ကောင်း အလုပ်တွေ မေ့နေလို့ရှိရင် ဘာဘေးသင့်သတုံး . . (မသူတေ ်ဘေး သင့်ပါတယ်ဘုရား) ပါဠိလိုတော့

ဗျာ . . . (အသဒ္ဓမ္မတော၀ါ) ဒါကျတော့ လူတိုင်းပဲ ရ, ထား တယ် . , . (မှန်ပါ)။

အားလုံး ဒကာဒကာမတွေ အရေးကြီးတာ ပြောလိမ့်မယ် ဆိုတာ မှတ်ထားပါနော် . . . (မှန်ပါ)။

## မသူတော်ဘေးဆိုတာ

အဲဒီ မသူတော်ဘေး ဆိုတာက ဒီက ခန္ဓာငါးပါး ရှိပါတယ် မောင်နိုင်ရာ . . . ခန္ဓာငါးပါးရှိလျက်နဲ့ ဒီခန္ဓာငါးပါးကြီးကလဲ ခဏခဏ "သဗ္ဗေသင်္ခါရာ အနိစ္စာ" အင်း . . , သင်္ခါရတရား ပျက်တယ်ကွ . . . ၊ ပါဠိက မရှိဘူးလား . . . (ရှိပါတယ်ဘုရား) "သဗ္ဗေသင်္ခါရာ ဒုက္ခာ" သင်္ခါရတရားဟာ ဒုက္ခလမ်းဆုံးတယ်ကွ၊ မပြောဘူးလား . . . (ပြောပါတယ်ဘုရား) "သဗ္ဗေဓမ္မာ အနတ္တာ" မင်းတို့ ခန္ဓာထဲမှာ ရှိတာဟူသရွေ့သည် ဘာကြည့်လိုက်, ကြည့် လိုက် အနတ္တကွာလို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

အဲဒီလို ဟောတာကို ကိုဝတို့လူစုတွေက ကိုစံလှတို့လူစုတွေ က မမြင်ပါဘူးဘုရား . . . ဆိုလို့ရှိရင် မသူတော်ဘေးသင့်လို့ သာ မှတ်ပါ . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မမြင်ပါဘူးဆိုရင် . . . (မသူတော်ဘေးသင့်တာပါဘုရား)။

မသူတော်ဆိုတာ တခြား မဟုတ်ပါဘူး ဒကာဒကာမတို့ အဝိဇ္ဇာဘေး သင့်တာပါပဲ . . . (မှန်ပါ) သဘောကျပလား . . (ကျပါပြီဘုရား)။

မသူတော်ဘေးဆိုတာ ဘာဘေးပါလိမ့် . . . (အဝိဇ္ဇာဘေးပါ ဘုရား)။

ဩော် . . . ဒီ ဖြစ်ပျက်ခန္ဓာကိုယ်ကြီး "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" ရှိပါလျက် သားနဲ့ ဘယ်တော့မှ ဒီအနိစ္စက နိစ္စဖြစ်လာတယ်ရယ်လို့ မရှိဘူး (မှန်ပါ့) ဒုက္ခခန္ဓာက သုခ ဖြစ်လာတယ်ရယ်လို့ ထုံးစံရှိရဲ့လား..... (မရှိပါဘုရား) အနတ္တ ခန္ဓာကိုယ်ကြီးက အတ္တဆိုတဲ့ ခိုင်မြဲတာများ ဖြစ်ပါရဲ့လား . . . (မဖြစ်ပါဘုရား) ရှိနေတာ စကန့်ပဲ နော် . . . (မှန်ပါ့)။

အဲဒါကို တပည့်တော်တို့ မေ့တယ်ဘုရား၊ ဆရာဘုန်းကြီးကလဲ ဒီ ဖြစ်ပျက်တွေကို မေ့အောင် မနေရစ်ကြနဲ့၊ ဒါမေ့လို့ ရှိရင် ခင်ဗျားတို့ မသူတော်ဘေး သင့်လိမ့်မယ်လို့ ပြောလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ဒါမေ့နေတဲ့ ဒကာ ဒကာမတွေကျတော့ ဘာဘေးသင့်ပါလိမ့် . . . (မသူတော်ဘေးသင့်ပါတယ်ဘုရား) မသူတော်ဘေး တရားကိုယ် စစ်စစ်ကို ကောက်လိုက်တော့ အဝိဇ္ဇာ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မသူတော်ဘေး တရားကိုယ် စစ်စစ်ကို ကောက်လိုက်တော့ . . (အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာဆိုတာ ကျေနပ်ကြပလား . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီ အဝိဇ္ဇာရှိနေလို့ရှိရင်ဖြင့် "အဝိဇ္ဇာ သမုဒယဟာ အာသဝ သမုဒယော" လို့ မလာဘူးလား (လာပါတယ်ဘုရား)။

ဩော် . . . ဒကာ ဒကာမတို့ ဒီ အဝိဇ္ဇာသာ ရှိလို့ရှိရင်

အာသဝ ဆိုတဲ့ သုံးဆယ့်တစ်ဘုံထဲမှာ အိုဘေး, နာဘေးထဲမှာ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ပေးရလိမ့်မယ် . . . (မှန်ပါ)။

"အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော အဝိဇ္ဇာ သမုဒယာ အာသဝ သမုဒယော" အတူတူဘဲနော် . . . (မှန်ပါ)။

အဝိဇ္ဇာရှိရင် နောက်က ဘာလိုက်လာမလဲ . . . (အာသဝ လိုက်လာပါမယ်ဘုရား)။

အာသဝလိုက်တော့ ဘုံဘဝမှာ မြုပ်တတ် မျောတတ်တဲ့ အာသဝ လိုက်ပါလိမ့်မယ် . . . (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)

ဒါဘယ်ဘေးသင့်တဲ့ပုဂ္ဂိုလ်မှာ ဘုံဘဝမှာ မြုပ်–မျော အာသဝ လာပါလိမ့်မလဲဆိုတာ စဉ်းစားစမ်း . . . (မသူတော်ဘေးသင့်တဲ့ ပုဂ္ဂိုလ်မှာပါဘုရား)။

ဒါဖြင့် ကိုဝ–မရိုးရှိမ်ထိုက်–စိုးရိမ်ထိုက် . . . (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဘုန်းကြီးက မမေ့နဲ့၊ ဘုရားက မမေ့နဲ့၊ နှစ်ရက်တောင် ဟောနေတယ် . . . (မှန်ပါ) သင်္ခါရတရားတွေ အနိစ္စတရားကွ၊ သင်္ခါရဟာ အနိစ္စလမ်း ဆုံးတယ်ကွ၊ အဲဒါ ကြည့်နေကွ၊ မမေ့နဲ့ လို့ ပြောလျက်သားနဲ့ ဒါတွေ မမြင်ဘူး ဆိုလို့ရှိရင် မောင်နိုင် မေ့ပြီ . . . (မှန်ပါ)။

မေ့တာဟာ အဝိဇ္ဇာနော် . . (မှန်ပါ) အဝိဇ္ဇာ သမုဒယာ . . (အာသဝ သမုဒယော) အာသဝ သမုဒယော မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## အာသဝဆိုတာ

အဝိဇ္ဇာကြောင့် . . . (အာသဝဖြစ်ပါတယ်ဘုရား) အာသဝဆိုတာ ဘုံဘဝကို ဆိုလိုတယ်၊ အပါယ်လေးပါးတည်းဟူသော ဘုံဘဝကို မြုပ်အောင်၊ မျောအောင် ဆောင်တတ်တဲ့တရားကို ဘာခေါ်ကြမယ် . . . (အာသဝပါဘုရား)။

ဩော် . . အဝိဇ္ဇာကြောင့် အာသဝဖြစ်လာတယ် . . . (မှန်ပါ့) မေ့တဲ့ပုဂ္ဂိုလ်ဟာ မြုပ်ခြင်း၊ မျောခြင်းမှာ လမ်းဆုံးလိမ့်မယ် . . . (မှန်ပါ့)။

မေ့တဲ့ပုဂ္ဂိုလ်ဟာ . . . (မြုပ်ခြင်း, မျောခြင်းမှာ လမ်းဆုံးပါတယ်ဘုရား) ဒါ–ဘယ်ဘေးသင့်တဲ့ ပုဂ္ဂိုလ်ပါလိမ့် . . (မသူတော်ဘေးသင့်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော် . . အထပ်ထပ်မှာရှာတယ်၊ တို့ဆရာဘုန်းကြီးက ဘာတွေများ အရေးတကြီးမှာရှာပါလိမ့်မတုံးဆိုတော့ ဒီပြင် ဆန်ရှားတဲ့ ငတ်မွတ် ခေါင်းပါးတဲ့ဘေး မကြောက်ပါဘူး၊ တစ်ခါ တစ်ဘဝ ငတ်, တစ်ဘဝပဲ သေမှာပဲ၊ ဟိုအိမ်မရှိလို့ ဒီအိမ်က သနားလို့ ပေး စားရပါသေးတယ် . . . (မှန်ပါ့) ဒီဟာတွေက ကြောက်စရာမရှိပါဘူး မောင်နိုင်ရ . . . (မှန်ပါ့) သံသရာမှာ မြုပ်–မျောမှ သူက မသွားဘဲ . . . (မှန်ပါ့)။

ဒီ မသူတော်ဘေးကတော့ဖြင့် "အဝိဇ္ဇာ သမုဒယာ အာသဝသမုဒယော" ဆိုတော့ သံသရာထဲမှာ အိုဘေး, နာဘေး, သေဘေးတွေထဲမှာ မဆုံးနိုင်အောင်ဘဲ မြုပ်–မျော နေရမယ်ဆိုတာ

မပေါ်လာသေးဘူးလား . . . (ပေါ်လာပါတယ် ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘေးတကာ့ ဘေးထဲမှာ နှစ်ဆယ့်ငါးပါးသော ဘေးရှိတဲ့အနက်က ဘယ်ဘေး ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဘယ်သူပါလိမ့် . . . (မသူတော်ဘေးပါဘုရား)။

မသူတော်ဘေးဆိုတော့ ပါဠိလိုတော့ မောင်နိုင် ဘာတဲ့ . . (အသဒ္ဓမ္မတောဝါပါဘုရား)။

အသဒ္ဓမ္မတောဝါ၊ သူတော်မဟုတ် သူယုတ်မာ ဖြစ်တဲ့ဘေးမှ လည်းကောင်း။ မသူတော်တရားဘေးမှ လည်းကောင်း ဆိုတော့ မသူတော်တရား, တရားကိုယ် ကောက်လိုက်တော့ အဝိဇ္ဇာ . . . (မှန်ပါ) အဝိဇ္ဇာလာလို့ရှိရင် အာသဝတွေက . . . (လာပါတယ် ဘုရား)။

ဩော် . . .ကာမာသဝဆိုတဲ့ ကာမဘုံလည်တတ်တဲ့ အာသဝ လဲလာမယ်(မှန်ပါ) ဘဝါသဝဆိုတဲ့ အထက်ဘုံတွေလည်တတ်တဲ့ အထက်ဘုံမှာ အိုဘေး, နာဘေးဆီ သွားတတ်တဲ့ အာသဝကော (လာပါတယ်ဘုရား) ဒိဋ္ဌာသဝ–တဲ့ အပါယ်ကျတတ်တဲ့ ဒိဋ္ဌာသဝ ကော . . (လာပါတယ်ဘုရား) အဝိဇ္ဇာသဝ . .တဲ့ သစ္စာမသိတဲ့ သံသရာရှည်မည့် အဝိဇ္ဇာသဝကော . . . (လာပါတယ်ဘုရား)။

အဲ . . . ဒကာ ဒကာမတို့ မေ့လိုက်တဲ့အပြစ်ဟာ အာသဝေါ တရားလေးပါး ပေါ်တယ် . . . (မှန်ပါ)။

## အနိစ္စခန္ဓာကိုယ်ချင်း မ, နေရတယ်

ဦးကြံ့တို့ သေသေချာချာ မှတ်စမ်းပါ . . . (မှန်ပါ) နောက်က ဒကာ ဒကာမတွေ ဒီနေ့ အထူးတလည်ပဲ မေ့လျော့ ရှေ့သွားပြီး သကာလ ဒီဒကာဒကာမတွေနဲ့ ဒီဆရာနဲ့ ဆိုတဲ့ဥစ္စာလဲ အကြောင်း မညီညွတ်လို့ရှိရင် အနိစ္စ ခန္ဓာကိုယ်နဲ့ အနိစ္စခန္ဓာကိုယ်ချင်း မ, နေရတယ်ဆိုတာ ခဏခဏ ပြောတယ် . . .(မှန်ပါ) ဖေးနေကြရတာပဲ၊ နည်းနည်းပညာရှိတဲ့ ပုဂ္ဂိုလ်က ပညာမဲ့တဲ့ ပုဂ္ဂိုလ်တွေကို ဖေးပြီးကယ်ဟဲ့, ယူဟဲ့ ဆောင်ဟဲ့, တင်ဟဲ့ ဒီလို လုပ်နေတော့ အခုအချိန်ဟာ အလွန်အရေးကြီးတဲ့အချိန် . . (ကြီး ပါတယ်ဘုရား) ဘာကြောင့်တုံးဆိုလို့ရှိရင် အနိစ္စအနိစ္စချင်း ဖေး ရတော့ ဒီအစုံနဲ့လဲ နောက်တခါပြန်တွေ့ဖို့ မလွယ်ဘူး (မှန်ပါ) အရှိပုဂ္ဂိုလ်နဲ့လဲ နောက်တခါ ပြန်တွေ့ဖို့ . . . (မလွယ်ပါဘူး ဘုရား)။

ဘာဖြစ်လို့တုံး . . ဟောတဲ့ပုဂ္ဂိုလ်ကလဲ အနိစ္စ၊ နာတဲ့ပုဂ္ဂိုလ် ကလဲ . . . (အနိစ္စပါဘုရား) အနိစ္စ–အနိစ္စချင်းဖေးရတော့ ခိုင်လိမ့် မယ်လို့ ယူလို့မရပါဘူး . . . (မှန်ပါ) ရပါ့မလား . . . (မရပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်အရိန် အကောင်းဆုံးတုံး . . . အခုအချိန် အကောင်းဆုံး . . . (မှန်ပါ)။

အခုသိလို့ အခုကြိုးစားတဲ့ အချိန်သည် ဒကာ ဒကာမတို့ (အကောင်းဆုံးပါဘုရား) နက်ဖြန် ဒီခန္ဓာကြီးကိုယ်က စိုးပိုင်နိုင် ကြပါ့မလား . . . (မပိုင်နိုင်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဆရာဘုန်းကြီးစိုးရိမ်တာ ဘယ်ဘေးစိုးရိမ်ပါလိမ့် . . . (မသူတော်ဘေးပါဘုရား)။

မသူတော်ဘေးဆိုတာ ခန္ဓာကိုယ်ဖြစ်ပြီး ပျက်နေတဲ့ သင်္ခါရာအနိစ္စ–သင်္ခါရာ ဒုက္ခ–သဗ္ဗေဓမ္မာ အနတ္တာဆိုတာတွေကို ဖြစ်ပျက်ကို ချုံးလိုက်တော့ ဒီသုံးခုစလုံးဟာ ဖြစ်ပြီးပျက်တာပဲ တွေ့တယ် . . . (မှန်ပါ) အဲဒါကို မရှုမိဘဲနေတဲ့ဘေးဟာဖြင့် ရှုလျက်သားနဲ့ မမြင်တဲ့ဘေးဟာဖြင့် ဒါ အဝိဇ္ဇာသဝပဲဆိုတာကော ရိပ်မိပလား . . (ရိပ်မိပါပြီ) ရှင်းပြီနော် . . . (မှန်ပါ)။

ဒါဖြင့် "အဝိဇ္ဇာသမုဒယာအာသဝသမုဒယော" လာလိမ့်မယ် (မှန်ပါ) "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ကော . . . (လာပါတယ်ဘုရား)။

လာမှာ ဖြစ်နေတော့ ဒီ ခန္ဓာကိုယ်ကြီးထဲမှာ အနိစ္စ, ဒုက္ခ, အနတ္တာတွေ ရှိပါလျက်သားနဲ့ မမြင်ဘူးဘုရား . . . မရှုမိဘူးဘုရာ့ . . . မရှုမိတာလဲ အဝိဇ္ဇာပဲ၊ မမြင်တာလဲ အဝိဇ္ဇာပဲဆိုတော့ သြော် . . တို့ ဒကာ ဒကာမတွေ ဆရာသမားလဲ သွားရော သူတို့မှာ မသူတော်ဘေးလဲ သင့်ရောဆိုတဲ့ အဓိပ္ပာယ်တော့ အင်မတန်ရက်စရာ ကောင်းပါတယ် . . . (မှန်ပါ)။

ဆရာသမားလဲသွားရော . . . (မသူတော်ဘေးလဲ သင့်ရော) မသူတော်ဘေးလဲ သင့်ပါရဲ့ဆိုတာ ဒကာ ဒကာမတွေ သိတဲ့ မသူတော်က သူခိုးတို့ ဓားပြတို့ ကိုယ်မှန်းတီးတဲ့ ပုဂ္ဂိုလ်တို့သာ မသူတော်ထင်ကြတယ် . . . (မှန်ပါ)။

အဲဒီ မသူတော်က ကြောက်စရာမရှိပါဘူး၊ ဆိုးဝါးတာက မသူတော်တရားလို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား) မသူတော် ပုဂ္ဂိုလ်လို့ ဆိုရဲ့လား . . . (မဆိုပါဘုရား)။

ဒါဖြင့် မသူတော် အသဒ္ဓမ္မဆိုတာ ဓမ္မဟောထားတာ(မှန်ပါ့) ကိုဝ . . . တို့ သိထားတာက ဟိုလူတွေက မသူတော်တွေကွဆိုပြီး ပုဂ္ဂိုလ် သွားယူတယ် . . . (မှန်ပါ့) ပုဂ္ဂိုလ်သွားယူတော့ သူတစ်ပါး ကိုသာလျှင် ဒကာ ဒကာမတွေက စိုးရိမ်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သင့်တယ်ဆိုတာက ကိုယ့်ဝမ်းထဲမှာ ရုပ်နာမ်ဓမ္မ ဖြစ်ပျက် ကို မသိတဲ့ မသူတော်တရားဘေးသင့်တာ . . . (မှန်ပါ့) ဒါ–တည့်အောင် ယူပါနော် . . . (မှန်ပါ့)။

ဒကာ ဒကာမတွေ သိထားတာက မသူတော်ဘေးသင့်မှာ စိုးရိမ်တယ်၊ ဟိုလမ်းမသွားနဲ့၊ ဟိုအိမ်မလည်နဲ့၊ ဟိုလမ်း မလျှောက်နဲ့၊ ဟိုအစာ မစားနဲ့၊ ဟိုအိမ်က မင်းကို မကောင်းစိတ် ကြံနေတာ၊ အဲ . . . မသူတော်တွေနော် . . . မင်း . . . ဒါကို စိုးရိမ်ပါ၊ ဒီလိုသာ အမေမိဘများလဲ ဆုံးမ, လေ့ရှိပါတယ် . . . (မှန်ပါ့) တကယ့် မသူတော်ဘေး သူမသိပါဘူး . . . (မှန်ပါ့)။

အခုတော့ဖြင့် ဒကာ ဒကာမတွေဘဲ စဉ်းစားပါတော့ အသဒ္ဓမ္မ . . . ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတွေ သူတော်ကောင်း တရားမဟုတ်တဲ့ မသူတော်တရား၊ မသူတော်တရားဘေး . . လို့ စာထဲမှာ ဒီလိုဆိုပါလျက်သားနဲ့ ခင်ဗျားတို့က ပုဂ္ဂိုလ်ရောက် နေတယ် . . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် စာက ပုဂ္ဂိုလ်ဆိုပါသလား . . . ဝမ်းထဲမှာရှိတဲ့ မသူတော်တရားကို ဆိုပါသလား . . . (မသူတော်တရားကို ဆိုပါတယ်ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ အစကလဲ ပြောခဲ့တယ်၊ အခုလဲ နည်းနည်း . . . နည်းနည်းနဲ့ အရေးကြီးတာ ပြောလိမ့်မယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)

ခင်ဗျားတို့ ယူထားတာကဖြင့် ဟိုဘက်က မသူတော် တယ်များသကွ . . ကို၀ . . သားသမီးတွေ ဆုံးမရင် ဒီအတိုင်းဘဲ . . (မှန်ပါ့) ငါလဲ ရှောင်သကွ . . . ဟိုဘက်မှာ မသူတော်တွေက တယ်များသကွ . . . မောင်နိုင်တို့ မသုံးဘူးလား . . . (သုံးပါတယ်ဘုရား)။

မသူတော် လူယုတ်မာတွေက တယ်များတယ်ဆိုတော့ အင်း ဒကာ ဒကာမတွေက မသူတော်တရားကို ပုဂ္ဂိုလ် သွားယူတာကို . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သင့်နေတာက ကိုယ့်ဝမ်းထဲမှာ တရားသင့်နေတာ (မှန်ပါ့) ကိုယ့်ဝမ်းထဲမှာ ဖြစ်ပျက်ကိုရှိလျက်နဲ့ မသိတဲ့ အဝိဇ္ဇာဆိုတဲ့ တရားဟာ သူတော်တရားလား . . . မသူတော်တရားလား . . . (မသူတော်တရားပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) အဲ့ဒီဘေးသင့်မှာ ကြောက်စရာကောင်းတယ် (မှန်ပါ့) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ကဲ . . . ဒါဖြင့် ဆရာဘုန်းကြီး အရေးကြီးတာ ပြောလိမ့်မယ်

ဆိုတဲ့အတိုင်း တို့မှာ ကိုယ့်ဘောသင့်နေတာ ကိုယ်မမြင်ဘူး၊ မသင့်သေးတဲ့ ဘောကိုဘဲ ကြောက်နေတယ် . . . (မှန်ပါ့)။

ကိုဝရေ . . . ဘယ့်နှယ်တုံး . . . (ကိုယ့်ဘောကိုယ် မမြင်ပါဘုရား) မသင့်သေးတဲ့ဘောတော့ (ကြောက်နေပါတယ်ဘုရား) သင့်နေတဲ့ဘောတော့ . . . (မကြောက်ပါဘုရား)။

အံမာလေး ဒကာ ဒကာမတွေ ဒီထက်လွဲ . . . ဒီထက်ချော်တာများ ရှိသေးသလား . . . (မရှိပါဘုရား)။

အခု သားရေး . . . သမီးရေး . . . စီးပွားရေး တွေကြောင့် အခု ခန္ဓာကိုယ် ဖြစ်ပျက်မေ့တယ် . . . (မှန်ပါ့) ကဲ . . ဘာဘော သင့်မတုံး . . (မသူတော်ဘောသင့်ပါတယ်ဘုရား) ဦးကြံတို့ . . သေသေချာချာ မှတ်ပါ၊ မသူတော်ဘော ဝေးဝေးကြီးမှတ်မနေကြပါနဲ့ . . . (မှန်ပါ့) ဝမ်းထဲရောက်နေပြီဆိုတာ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ . . . (မှန်ပါ့)။

## ကရုဏာ အင်မတန်ကြီးလို့ ဖော်ပြောနေတာ

ဒါက အင်မတန်မှ ကရုဏာကြီး မေတ္တာကြီးနဲ့မို့ တရားကိုယ်ဖော်ပြောလို့ ဒကာ ဒကာမတွေ ရှင်းတာနော် . . . (မှန်ပါ့) နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ပုဂ္ဂိုလ်ပေါ်ချည့် ရောက်လိမ့်မနော် (မှန်ပါ့) ပုဂ္ဂိုလ်အပေါ် ရောက်လို့ရှိရင် မောင်နိုင် ဆုံးဖြတ်ချက်ချ၊ သြော် . . . သူတစ်ပါးကိုသာ ဘောထင်တော့တယ်၊ မိမိအတွင်း ဘောကို သူမြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

မမြင်ကတည်းကိုက ဒီဘောရှောင်ပါဦးမလား . . . (မရှောင်

ပါဘုရား) မရှောင်ရင် ဘာဘေး သင့်နေသတုံး . . . (မသူတော် ဘေး သင့်ပါတယ်ဘုရား)။

ဟော . . . သေသေချာချာ ဦးညို ပြောလာပြီ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ဘုန်းကြီးသည် . . . တဲ့ အင်မတန်မှ အမေမိဘ ဆွေမျိုး ဉာတကာတွေ ဘဝသံသရာမှာ မတော်ဘူးသူမည်သည် မရှိလို့ ဒီဥစ္စာ ကြားရဖို့ လွယ်ကိုမလွယ် ဘူး . . . (မှန်ပါ့) လွယ်ပါ့မလား . . . (မလွယ်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ သိထားတဲ့ မသူတော်ဘေးက ဒီဟာကို မဟုတ်ပါဘူး . . (မှန်ပါ့) မသူတော်တွေက သိပ်များသကွာ . . ငါ့သား ငါ့သမီးတို့ သိပ်ပြီး မလည်ကြပါနဲ့ . . . မပတ်ကြပါနဲ့ ဟိုဘက်အိမ် ကြည့်လိုက်ပြန်လဲ မသူတော်တွေက သိပ်များ . . ဒီဘက်အိမ် ကြည့်လိုက်ပြန်လဲ မကောင်းတဲ့လူတွေက၊ မကောင်း တဲ့လူနဲ့ မသူတော်နဲ့ အတူတူပဲနော် . . . (မှန်ပါ့) အမေမိဘများ မှာ ဒါပဲ ဆုံးမလေ့ ရှိပါတယ် . . . (မှန်ပါ့)။

ဒီကတည်းက ဒီအမေမိဘမှာ ကိုယ့်ဝမ်းထဲမှာ မသူတော် ဘေးသင့်တာ သိသေးရဲ့လား . . . (မသိပါဘုရား) သူများဆုံးမ ကတည်းက အလွဲဆုံးမနေတာ . . . (မှန်ပါ့)။

သူများ ဆုံးမကတည်းက အလွဲဆုံးမနေတော့ ကိုယ့်မှာ သင့် နေတာ မသိလို့ဘဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ကိုစံလှတို့ ကိုပေါ်တို့ . . . တစ်သံသရာလုံး ကျုပ်တို့

ပြင်ဘေးကိုသာမြင်၍ အတွင်းဘေးကိုမမြင်သောကြောင့် သံသရာ ရှည်ခဲ့ရတယ် . . . (မှန်ပါ) ဒီဘေးတွေကချည့် နှိပ်စက်ချလိုက်တာ . . . (မှန်ပါ) ဒကာကြီးလှိုင် သေသေချာချာမှတ်စမ်းပါ . . (မှန်ပါ)။

## အလွန်ကြီးကျယ် မွန်မြတ်တဲ့ တရားတော်

အားလုံး ဒကာ ဒကာမတွေ ဒီဥစ္စာသေးသိမ်တဲ့ စကားလား အလွန်မွန်မြတ်ပြီး ကြီးကျယ်ခမ်းနားတဲ့ တရားလား ဆိုတာ စဉ်းစားကြည့်ပါ . . . (အလွန်မွန်မြတ်ပြီး ကြီးကျယ်ခမ်းနားတဲ့ တရားပါဘုရား)။

သာမညတွေးလို့မရဘူး . . . (မှန်ပါ) သာမည တွေးတော့ နောက်ဝဋ္ဋထုတ်လာလိမ့်မယ် . . . မောင်နိုင် . . . (မှန်ပါ)။

မသူတော်ဘေး သင့်ခြင်းကြောင့် အပြစ်သင့်တာတွေ လာပါလိမ့်မယ် ဒကာ ဒကာမတို့ ရှေ့ပိုင်းမှာ ရှင်းအောင် ပြောနေသေးလို့ . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မိမိခန္ဓာကြီးဟာ သဗ္ဗေသင်္ခါရာ အနိစ္စ . . . မဆိုဘူးလား . . . (ဆိုပါတယ်ဘုရား) မိမိခန္ဓာကိုပင်လျှင် ဘုရားက သဗ္ဗေ သင်္ခါရာဒုက္ခ . . . မဟောဘူးလား . . . (ဟောပါတယ်ဘုရား) ခန္ဓာငါးပါးကို အလုံးစုံ သင်္ခါရဒုက္ခလို့ မဆိုဘူးလား . . . (ဆိုပါတယ်ဘုရား) ဖြစ်လိုက် ပျက်လိုက်ပဲ မဆိုဘူးလား(ဆိုပါတယ်ဘုရား) သဗ္ဗေ ဓမ္မာ အနတ္တာ . . . လို့ပဲ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

အဲဒါ ရှိလျက်သားနဲ့ မကြည့်မိ၊ မကြည့်မိတော့ မှောင်နိုင် မမြင်တာသည် ဘာဖြစ်တာတုံး . . . (မသူတော်ဘေး သင့်တာပါဘုရား)။

မသူတော်ဘေးသင့်တာ၊ အဝိဇ္ဇာဟာ သူတော်လား . . . မသူတော်လား မှောင်နိုင် . . . ကိုယ်တိုင် စဉ်းစားကြည့်စမ်း (မသူတော်ပါဘုရား)။

ကဲ . . . ဦးပြန့်တို့ . . . (မသူတော်ပါဘုရား) မသူတော် ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အသဒ္ဓမ္မဆိုတာ သူတော်မဟုတ်-သူယုတ်မာ၊ ဓမ္မက . . တရား သူယုတ်မာတရားလို့ ဆိုထားတယ်၊ ပုဂ္ဂိုလ်မပါဘူး . . . (မှန်ပါ) ပါသေးရဲ့လား . . . (မပါပါဘုရား)။

ဘယ့်နှယ်ဆိုတာ ဒီဘက်က ဒကာဒကာမတွေ စဉ်းစား လိုက်စမ်း . . (သူယုတ်မာတရားပါ)ယုတ်မာတဲ့တရားကို ဆိုထား တာ . . . (မှန်ပါ) ပုဂ္ဂိုလ်ကို ဆိုတာလား . . . (မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ဒကာ ဒကာမတို့ ယုတ်မာတယ် လိမ်မာတယ်လို့ မရှိဘူး . . တရားကသာ ယုတ်မာတဲ့ တရား လိမ်မာတဲ့တရား ရှိပါတယ် . . . (မှန်ပါ) ပုဂ္ဂိုလ်နဲ့ ဘာဆိုင်သလဲ (မဆိုင်ပါဘုရား)။

အဲဒါ အားလုံး တရားတစ်ပွဲလုံး ဘုန်းကြီးနဲ့သာ ဒကာ ဒကာမတွေ မရင်းနှီးကြဘူး၊ ဒီလိုလဲ တရားကို မနာဘူးဆိုလို့ ရှိရင်ဖြင့် သွားပြီ . . . (မှန်ပါ) သွားပြီ . . သွားပြီ . . . (မှန်ပါ)

ပုဂ္ဂိုလ်ပေါ်ချည့် အကုန်ရောက်မယ် . . . (မှန်ပါ့) မရောက်ဘူးလား . . . ရောက်မှာလား (ရောက်ပါတယ်ဘုရား)။

ဒီတစ်ပွဲလုံးကို ခြုံပြီး ပြောပါတယ် ဒကာ ဒကာမတို့ . . . အကုန်ရောက်မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား) အကုန်မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ယနေ့ မူပြောင်းလိုက်ပါ . . . (မှန်ပါ့) အသဒ္ဓမ္မဆိုတာ သူတော်မဟုတ် . . . ယုတ်မာတာ၊ ရှင်းပလား . . .(ရှင်းပါပြီ) မွေက တရား၊ ယုတ်မာတဲ့တရား . . . (မှန်ပါ့) မသူတော်တရား . . . (မှန်ပါ့) ဒီဘေးသင့်မှာ စိုးရိမ် . . . (မှန်ပါ့) ဟိုပုဂ္ဂိုလ်ဘေးသင့်မှာ ပြောရဲ့လား . . . (မပြောပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ယူပုံနဲ့ ဘုရား၏ ဟောပုံနဲ့ဖြင့် ကိုဝ . . တခြားစီ . . . (မှန်ပါ့) တခြားစီ . . . (မှန်ပါ့)။

ယနေ့ တည့်ကြပလားတဲ့ . . . (တည့်ကြပါပြီ) တည့်ကြပါတော့၊ တည့်ကြ ပါတော့ ဒါ တည့်လိုက်လို့ရှိရင် အဝိဇ္ဇာချုပ်မယ် . . . (မှန်ပါ့) အဝိဇ္ဇာချုပ်လို့ရှိရင် နိဗ္ဗာန်ရောက်တော့မယ်ဆိုတာ မောင်နိုင်–မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘေးတကာ့ဘေးထဲ ဘယ်ဘေးကြောက်စရာ အကောင်းဆုံးလဲ . . . (မသူတော်ဘေး ကြောက်စရာ ကောင်းပါတယ်ဘုရား) မသူတော်ဘေး ကြောက်စရာ အကောင်းဆုံး။

## မသူတော်ဘေး ဘယ်အချိန် သင့်သတုံး

မသူတော်ဘေးဆိုတာ ဘယ်အချိန်များ သင့်မှာပါလိမ့်မတုံး ဆိုလို့ရှိရင် ဒါနလုပ်နေတုန်းကို ဒါလောက် မသင့်ဘူးထား ပါတော့၊ သီလဆောက်တည်နေတုန်း မသင့်ဘူး၊ သမထ အား ထုတ်နေလဲ မသင့်ဘူး၊ ဝိပဿနာအလုပ် လုပ်နေရင် . . . (မသင့် ပါဘုရား) မသင့်ဘူးတဲ့။

ဒါန အားထုတ်တဲ့ အခါကျတော့ တစ်ခါတလေ သင့်ချင် သင့်တတ်တယ် (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ဒီဒါနကြောင့် လူ့ပြည်၊ နတ်ပြည် ရ–ရပါလို၏ ဆိုတော့ ကာမာသဝဘေး လာ သင့်ဂယ် . . . (မှန်ပါ့) ကာမဘုံလိုချင်တာကိုး . . . (မှန်ပါ့) ဘုံဘဝတောင့်တတဲ့ ဘဝါသဝဘော . . . (မှန်ပါ့) မလာဘူး လား . . . (လာပါတယ်ဘုရား)။

အဲဒါတွေကတော့ သင့်တော့သင့်တာပဲတဲ့၊ သင့်ပင်သင့်ငြား သော်လဲ ဒီဥစ္စာ အကောင်းချည်း မဟုတ်ဘူး၊ အကောင်းထဲကမှ ရွေးထုတ်လိုက်လို့ ရှိရင် အလတ်စားကောင်းကလေးလို့ ဆိုလို့ ရသေးတယ် . . . (မှန်ပါ့)။

လုံးလုံး မေ့နေတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဒကာ ဒကာမတို့ ဒါနလဲမေ့၊ သီလလဲမေ့၊ သမထလဲမေ့၊ ဖြစ်ပျက် ဝိပဿနာကိုလဲ မေ့မယ်ဆိုလို့ရှိရင်ဖြင့် . . . တဲ့ ဒကာ ဒကာမတို့ အဝိဇ္ဇာက မေ့တတ်တဲ့တရား . . . (မှန်ပါ့) ဘာဘေးသင့်သတုံး . . . (မသူ တော်ဘေး သင့်ပါတယ်ဘုရား)။

သေသေချာချာ မှတ်ပါ၊ တရားတစ်လုံးတည်း ဟောနေသေးတယ် ဒကာဒကာမတို့ တရားမများသေးပါဘူး (မများပါဘုရား)။

ဒီ မသူတော်ဘေးဟာက သူများကြောင့် သင့်တာလား . . ကိုယ့်ခန္ဓာ ဉာဏ်မလှည့်လို့ သင့်တာလား . . . (ကိုယ့်ခန္ဓာ ဉာဏ်မလှည့်လို့ သင့်တာပါဘုရား)။

ကိုပေါ်-မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ) ဦးပြန့်တို့ကဲ . . .ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . တစ်သံသရာလုံး တို့ ဘယ်ဘေး အကြီးဆုံး သင့်လာလို့ ဒီ အဝိဇ္ဇာ မချုပ်ပါလိမ့်မလဲလို့ဆိုတာ လက်သည်ရှာလိုက်တော့ ဒီနေ့ မိလာတယ် . . . (မှန်ပါ့) ဩော် . . . (မသူတော်ဘေးသင့်များနေတာကိုး . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ . . . (မသူတော်ဘေးသင့် များနေတာပါဘုရား) ဘုရားအဆူဆူနဲ့ လွဲခဲ့တာ . . .(မသူတော်ဘေးသင့်ခဲ့တာပါဘုရား) နိဗ္ဗာန် အနားရှိလျက်သားနဲ့ မရောက်တာ . . . (မသူတော်ဘေး သင့်တာပါဘုရား) အပါယ်လေးပါး ရောက်သွားရတာ . . (မသူတော်ဘေး သင့်တာပါဘုရား) ရှင်းကြပလား . . (ရှင်းပါပြီဘုရား)။

ရှင်းပြီ-ရှင်းပြီ-ဒကာ ဒကာမတို့ . . . အင်မတန် အရေးကြီးပါတယ်၊ ယနေ့တရားမှာ ဆရာသမားက အိတ်သွန်ဖာမှောက်လိုရင်းဟူသရွေ့ ပေးတော့မယ်ဆိုပြီး သကာလ . . . ပေးနေတော့ မောင်နိုင်ရေ . . . ဘေးတကာ့ဘေးထဲမှာဖြင့် သူ အကြီးဆုံး ပါပဲ . . . (မှန်ပါ့)။

**ဘုရားအဆူဆူနဲ့ လွဲခဲ့တာ မသူတော်ဘေး**

ဘုရားအဆူဆူနဲ့ လွဲခဲ့တာလဲ . . (မသူတော်ဘေးပါဘုရား) မသူတော်ဘေးဘဲ သဘောကျပလား . . . (ကျပါပြီ) နိဗ္ဗာန်အနီးကလေးနဲ့ မတွေ့တာလဲ . . . (မသူတော်ဘေးပါဘုရား) မသူတော်ဘေးဘဲ။

နတ်ရွာ သုဂတိကနေပြီး အပါယ်များ ခုန်ချလိုက်တာများ . . . (မသူတော်ဘေးသင့်တာပါဘုရား) မသူတော်ဘေးသင့်တာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဗြဟ္မာပြည်ကနေပြီး အပါယ်လေးပါးများ ရောက်သွားလိုက်တာကော . . . (မသူတော်ဘေး သင့်တာပါဘုရား)။

ဒါဖြင့် ဘေးတကာ့ဘေးမှာဖြင့် အကြီးဆုံးဘေး ယနေ့တွေ့ပါပြီ . . . (တွေ့ပါပြီ) ဘာပါလိမ့် . . . (မသူတော်ဘေး သင့်တာပါဘုရား)။

သေသေချာချာ မှတ်ကြစမ်းပါ ဒကာ ဒကာမတို့ တကယ့်စေတနာ၊ တကယ့် ကရုဏာ၊ တကယ့် မေတ္တာ သေးသေး မဟုတ်ဘူး၊ ကြီးကြီးနဲ့ပဲ ဒကာ ဒကာမတွေကို ပေးနေတယ်ဆိုသဖြင့်သြော် . . . ဟုတ်ပါပေတယ်ဆိုတာ ကိုဝ-ပေါ်ပါပြီ . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘေးတကာ့ဘေး ဘယ်ဘေးကြောက်စရာ အကောင်းဆုံးတုံး (မသူတော်ဘေး ကြောက်စရာ အကောင်းဆုံးပါဘုရား)။

မသူတော်ဘေးဆိုတာ ဘာတုံးမေးတော့ ခန္ဓာကိုယ်ဖြစ်ပျက်ရှိလျက်နဲ့ ဖြစ်ပျက်မသိတဲ့ဘေး . . . (မှန်ပါ)။

ဖြစ်ပျက်ရှိလျက်နဲ့ . . . (ဖြစ်ပျက်မသိတဲ့ဘေးပါဘုရား)။

ကိုင်း–ကျုပ်တို့ ထမင်းစားနေတဲ့ အခါမှာလဲ နှလုံးမသွင်း ဖြစ်ဘူးဆိုရင် ဘေးသင့်နေတယ် (မှန်ပါ့) ရေချိုးနေတဲ့ အခါမှာလဲ ခန္ဓာကိုယ်ကြီးမှာ အအေး–အပူတွေ ပြောင်းနေပါကလား ဆိုတာ နှလုံးမသွင်းမိရင် . . . (မသူတော်ဘေးသင့်ပါတယ် ဘုရား)။

ခင်ဗျားတို့ဟာက ဒကာ ဒကာမတို့ နေရာတိုင်း ဘေးသင့်နေပြီ . . . (မှန်ပါ့) မောင်နိုင် သဘောပါရဲ့လား . . (ပါပါပြီ)။

နေရာတိုင်း၊ နေ့တိုင်း–နေ့တိုင်း ဘာဖြစ်နေကြသတုံး . . . (ဘေးသင့်နေပါတယ် ဘုရား)။

သြော် . . . ဒါကြောင့် တို့သည်ကားလို့ ဆိုရင်ဖြင့် အန္တရာယ်ကင်းလို့ ဘေးရှင်းပါရစေဘုရား . . . လို့ ဆိုငြားသော်လဲ သင့်နေတဲ့ ဘေးကို ကိုယ်ကမှ ထုတ်မပစ်ဘတ်လို့ရှိရင်ဖြင့် ဆုတောင်းပြည့်နိုင်စရာ မမြင်ပါဘူး . . . (မှန်ပါ့) မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

သင့်နေတဲ့ဘေးမှ စူးနေတဲ့ဆူးမှ နှုတ်မပစ်လို့ရှိရင်ဖြင့် ဒီအနာ ပျောက်ပါလိမ့်မယ်လို့ ဆိုရမှာ အတော်ခဲယဉ်းတယ် . . (ခဲယဉ်းပါတယ်ဘုရား)။

ဆူးက စူးနေတယ် . . (မှန်ပါ့) အဲဒါတော့ သူက ဘေးမထင်ဘူး၊ နောက်–ဟိုက ဆူးတွေ မစူးပါရစေနဲ့၊ ဟိုပုဂ္ဂိုလ်တွေ ဘေးမသင့်ပါရစေနဲ့ဆိုတော့ ကိုယ့်–စူးနေတဲ့ မသူတော်ဘေးတော့

မနှုတ်ပစ်ဘူး . . . (မှန်ပါ့) ဟိုဟာတွေ မစူးပရစေနဲ့ . . . ဆိုတော့ အန္တရာယ်ကင်းလို့ ဘေးရှင်းပါ့မလား၊ စူးပြီးသားကပဲ ပြန်ပြီး သကာလ ပိုမိုနှိပ်စက်နေမလားဆိုတာ ခင်ဗျားတို့ တွေးကြည့်ပါ . . . (စူးပြီးသားက ပိုမိုနှိပ်စက်နေပါတယ်ဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဆူးတွေက စူးနေတာ သူ့မှာ မသူတော်ဘေးကလေ . . . (မှန်ပါ့) မသူတော်ဘေးစူးနေတာတော့ သူက မသိဘူး၊ တို့အိမ်သားနဲ့တကွ တို့သားသမီးတွေ၊ တို့ခန္ဓာကအစ လူဆိုး သူဆိုး လူမိုက်သူမိုက်တွေနဲ့ဖြင့် ဘယ်အခါမှ မပေါင်းပါရစေနဲ့ . . တဲ့၊ အေး . . . အဲဒါက မပေါင်းရဘူး စိတ်သာချ၊ ဒီထက် မိုက်တာနဲ့ ပေါင်းနေပြီ . . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ . . . (ဒီ့ထက် မိုက်တာနဲ့ ပေါင်းနေပြီ) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

တော်တော် အရေးကြီးတဲ့ တရားဆိုတာကော ကိုစံလှ နဂိုရှိတဲ့အတိုင်း အခု သဘောပါပလား . . . (ပါပါပြီ) ခင်ဗျားတို့ မသိတဲ့ဘေးသင့်တယ် . . .(မှန်ပါ့) ပြီးတော့ ခင်ဗျားတို့က အပြင်ဘေးတွေကိုတော့ဖြင့် ပရိတ်နဲ့တားရတော့မလိုလို ဘုန်းကြီးတွေ ပင့်ပြီး ကမ္မဝါနဲ့တားရတော့မလိုလို ဒီလို မထင်ကြဘူးလား . . (ထင်ကြပါတယ်ဘုရား)။

သင့်နေတာကတော့ ကိုယ်က သူတော်ကောင်းဖြစ်တဲ့ သဗ္ဗေ သင်္ခါရာ အနိစ္စ မေ့နေတယ်၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ မေ့နေတယ်၊ သဗ္ဗေ ဓမ္မာ အနတ္တတွေ ရှိလျက်သားနဲ့ မေ့နေတယ် . . . (မှန်ပါ့)

မေ့နေတော့ မြင်သေးရဲ့လား . . . (မမြင်ပါဘုရား) မမြင်တော့ မမြင်တာ ဘာခေါ်ကြမယ် . . . (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာကို ရာဇဘောဂါထဲ သွင်းလိုက်တော့ ဘာတဲ့ . . . (အသဒ္ဓမ္မဘောဂါ ပါဘုရား)

အသဒ္ဓမ္မဘောဂါ၊ ဟော . . . ခန္ဓာကိုယ်ထဲမှာ စူးနေပြီ . . (မှန်ပါ့) မစူးသေးဘူးလား . . . (စူးပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဘေးတကာ့ ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးလဲ . . . (မသူတော်ဘေး ကြောက်စရာ အကောင်းဆုံးပါဘုရား)။

**ဖြစ်ပျက်မေ့တဲ့ဘေး**

မသူတော်ဘေးဆိုတာ ဖြစ်ပျက်မေ့တဲ့ဘေး . . . (မှန်ပါ့) တိုတိုပြောတော့ မောင်နိုင် ဒါ . . . ရှင်းလိုက်တာ . . . (မှန်ပါ့)။

မသူတော်ဘေးဆိုတာ ဘာပါလိမ့် . . . (ဖြစ်ပျက် မေ့တဲ့ဘေး ပါဘုရား)။

ဖြစ်ပျက်မေ့တဲ့ဘေးဆိုတော့ ဩော် . . . တို့သည်ကားလို့ ဆိုရင် အန္တရာယ်ကင်းချင်လို့ ဘေးရှင်းချင်လို့ ရေသက်စေ ပန်းသက်စေ တွေဖြင့် မောင်နိုင် လှူနေတာပဲ . . . (မှန်ပါ့) သင့်နေတဲ့ဘေး သူမသိဘူး . . . (မသိပါဘုရား) အဲဒီဘေး နှုတ် လိုက်လို့ရရင် ကိုဝ–ဘယ့်နှယ်ဆိုပါ့မလဲ . . . (ကောင်းသွားပါ တယ်) အန္တရာယ်ကင်းမသွားပေဘူးလား (ကင်းသွားပါတယ် ဘုရား)။

ကိုယ့်မှာမှ ဒီအညှီမှ မရှိတော့ဘဲ၊ ဟိုဘေးက ယင်တွေအုံ စရာ လိုသေးသလား . . . (မလိုပါဘုရား)။

အခုတော့ အညှီတော့ ထုတ်မပစ်ဘူး၊ ယင်အုံမှာတော့ ကြောက်နေတယ် . . . (မှန်ပါ့) စည်းကမ်း ကျ–မကျ စဉ်းစားစမ်း (မကျပါဘုရား)။

မကျဘူးနော် . . . (မှန်ပါ့) မသူတော်ဘေးက ကိုယ့်မှာ သင့်နေတယ်၊ မသူတော်ရှိလို့ မသူတော် တရားတွေလာ တယ် . . . (မှန်ပါ့) မလာဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒီ လာတာကိုတော့ ကိုယ့်အညှီကိုတော့ဖြင့် ဒကာ ဒကာမ တွေက ရေဆေးမပစ်ဘဲနဲ့ ဖြစ်ပျက်သိတဲ့ ဉာဏ်တည်းဟူသော မဂ်ရေစင်နဲ့ ဘေးကဟာတွေ စိုးရိမ်ပါတယ် ဆိုလို့ ရှိရင်ဖြင့် အညှီရှိလို့ ယင်အုံတာ ဘယ်သူမှ မတတ်နိုင်ဘူး . . . (မှန်ပါ့) တတ်နိုင်သေးရဲ့လား . . . (မတတ်နိုင်ပါဘုရား)။

တရားစစ်ကိုပြောတော့ ဒီအတိုင်း အမှန်ပြောရပါတယ် . . (မှန်ပါ့) အားလုံးသဘောပေါက်ကြပါရဲ့လား . . (ပါပါတယ်ဘုရား)။

ဒါဟာ နေ့တိုင်း တရားထက် ထူးထူးဆန်းဆန်း တရားပဲ၊ သြော် . . . ငါတို့ အသက်တွေလဲ ကြီးကုန်ကြပြီ၊ ကိုယ့်သင့်နေတဲ့ ဘေး ကိုယ်မသိတာလောက် လောကကြီးမှာ ကိုယ့်ပေါက်နေတဲ့ မှည့်ကိုတောင် ကိုယ်တစ်ခါမှ မှန်မကြည့်ဘူးတော့ ကိုယ့်မှည့် မရှိဘူးလို့ ထင်ပြီးသကာလ နေတဲ့ဥစ္စာလောက် အမြင်ဆိုးဝါးတာ အမြင်ကန်းတာဖြင့် မောင်နိုင် ရှိကိုမရှိဘူး . . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ ဘာဟောသာတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးက ပြန်ဟောမှာလို့ ဘာစိုးရိမ်သတုံး (မသူတော်ဘေးသင့်မှာ စိုးရိမ်ပါတယ်ဘုရား)။

သို့သော်လဲ ပြောသာပြောနေရပါတယ်၊ နဂိုရိုကဆိုရင်ဖြင့် သင့်နေလို့ သင့်မှန်းသိတဲ့လူတွေ မဟုတ်ပါဘူး . . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)

သင့်နေတော့ နေတာပဲ ကိုစံလှရေ . . . (မှန်ပါ့) သင့်မှန်းက . . . (မသိပါဘုရား)။

မသိတော့ ဩော် . . . ကိုယ့်မှာ ဘေးသင့်နေတာ မသိတော့ အပြင်ဘေးသာကြောက်၍ အတွင်းဘေးကို . . . (မကြောက်ပါဘုရား)။

ဒါဖြင့် အပြင်ဘေးသာကြောက်၍ အတွင်းဘေးကိုမကြောက်ဘူးဆိုလို့ရှိရင်ဖြင့် အိမ်ထဲ ရောက်နေတဲ့ ဓားပြနဲ့ အိမ်ပြင်က ဓားပြ ဘယ်ဟာ ကြောက်စရာ ကောင်းသလဲ . . . (အိမ်ထဲရောက်နေတဲ့ ဓားပြ ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲ . . ဒီလို ကြောက်စရာကောင်းတာကို ခင်ဗျားတို့က မသိလိုက်ဘူး . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) အတော် မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

**ဘေးသင့်နေလို့ သစ္စာတရားမတွေ့တာ**

ဦးပြန့်တို့ သတိထားပါ၊ သတိထားကြပါ၊ ဒကာဒကာမတို့ တစ်သံသရာလုံး ဘုရားအဆူဆူနဲ့ သစ္စာပွဲကြီးတွေ ဘုရားတွေ

ပွင့်သွားလိုက်တာ ဘယ်ဘုရားမှ သစ္စာမဟောတဲ့ ဘုရားရယ်လို့ မရှိဘဲနဲ့. သစ္စာပွဲကြီးတွေဟာ တစ်ခါတည်း ဘုရားတည်းဟူသော အသံတော်ကြီးနဲ့ စည်ကြီးတီးပြီးသကာလ အမျိုးမျိုးချွတ်သွားလို့ သစ္စာပွဲနဲ့ပြီးသကာလ နိဗ္ဗာန်ဝင်သွားကြတဲ့ ပုဂ္ဂိုလ်တွေထဲ ကျုပ်တို့ မပါတာ ဘေးသင့်နေလို့ . . . (မှန်ပါ) သဘောပါပလား (ပါ–ပါပြီဘုရား)။

ကျုပ်တို့ မပါတာ . . . (ဘေးသင့်နေလို့ပါ) ဘာဘေးပါလိမ့် . . . (မသူတော်ဘေး သင့်နေပါတယ် ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီ ဘုရား)။

မသူတော်ဘေးဆိုတာ ဘာပါလိမ့်၊ ဖြစ်ပျက်ရှိလျက်နဲ့ ဖြစ်ပျက် မသိတဲ့ဘေး . . . (မှန်ပါ) သဘောပါကြပလား . . . (ပါ–ပါပြီဘုရား)။

ဖြစ်ပျက်ရှိလျက်နဲ့ . . . (ဖြစ်ပျက်မသိတဲ့ဘေးပါဘုရား)။

ဖြစ်ပျက်မသိတဲ့ဘေးဆိုတော့ မသိတာက အဝိဇ္ဇာ–ဟုတ်လား (မှန်ပါ) မောဟဆိုရင်ကော . . . (မလွဲပါဘုရား) မောဟနဲ့ အဝိဇ္ဇာ အတူတူပဲ . . . (မှန်ပါ)။

ဩော် . . . သစ္စာပွဲကြီးတွေ တရားစည်ကြီး တီးလိုက်တာ လူ့ပြည်မှာ ဘုရားပွင့်ပြီး လူ့ပြည်ကနေ ဟောလိုက်တာ ဗြဟ္မာပြည်တောင် ကြားတယ် . . . (မှန်ပါ) ကျုပ်တို့ မသူတော်ဘေး သင့်နေလို့ ကိုဝ–မကြားလိုက်ဘူး . . . (မှန်ပါ) ကိုစံလှ သဘောပါပလား . . . (ပါ–ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီတစ်ခါမှလွဲရင်ဖြင့် သွားကြပေတော့ . . . (မှန်ပါ့) သွားကြပေတော့၊ ဘယ်နှယ်နည်းနဲ့မှ ဒကာကြီးတို့ မတတ်နိုင်တော့ဘူး၊ ကာက်နိုင်စရာ မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)။

အဲဒါကြောင့် အဖိုးတန်အောင်ပြောလို့ တန်နေတာလားလို့ ဘုန်းကြီးက စကားကလဲတတ်တယ်၊ တရားကလဲတတ်တယ်၊ ဒါ့ကြောင့် သူ့စကား၊ သူ့တရားဟာ အဖိုးတန်နေတာပဲလို့ ဒီလို မယူပါနဲ့ . . . (မှန်ပါ့) တရားကိုက ခင်ဗျားတို့ မသိတဲ့တရား ဖေါ်ပြောနေရလို့ ဒါကြောင့် တန်နေတာ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဆရာသမားက ဘယ်ဘေး စိုးရိမ်ပါလိမ့် . . . (မသူတော်ဘေး စိုးရိမ်ပါတယ်ဘုရား)။

မသူတော်ဘေးဆိုတာ ဖြစ်ပျက်ရှိလျက်နဲ့ . . . (ဖြစ်ပျက်မသိတာပါဘုရား) မသိတဲ့ဘေး . . . (မှန်ပါ့) ဒီတော့ မသိတာက အဝိဇ္ဇာ၊ "အဝိဇ္ဇာ သမုဒယာ အာသဝ သမုဒယော" ဆိုတော့ မောင်နိုင်–ငြင်းစရာလိုသေးသလား . . . (မလိုပါဘုရား) မလိုတော့ဘူး၊ သံသရာမြုပ်တော့ မျောတော့မယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဘေးသာသင့်ရင်ဖြင့် မြုပ်–မျော လမ်းမှတစ်ပါး တခြား သွားစရာမရှိတော့ပါဘူး . . . (မှန်ပါ့) ဆိုထိုက်မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

ကဲ . . . ဆရာသမား စိုးရိမ်တာနည်းနည်း . . . (မှန်ပါ့) ခင်ဗျားတို့ အရုပ်ဆိုး, အကျည်းတန်ကြီးနဲ့ သံသရာထဲမှာ တစ်ခါ တည်း အိုးဘေးကလဲ ငါ့ပစ္စည်း၊ သေဘေးကလဲ ငါ့ပစ္စည်း၊ ငရဲ ဘေးကလဲ ငါပိုင်–ဟုတ်လား . . . (မှန်ပါ့) တွင်းတွေ၊ ကျင်းတွေ ထဲမှာရှိတဲ့ လှုပ်လှုပ်ရွရွ . . . ဒီတိရစ္ဆာန်တွေဖြစ်ဖို့လဲ ငါ့တွင်း, ငါ့ကျင်း၊ သမုဒ္ဒရာရေကြီးဟာလဲ ငါ့ရေ၊ ငါ–ငါးဖြစ်တဲ့အခါ အောင်းဖို့ ဒီအထဲမှာ သွားတော့မယ် . . . (မှန်ပါ့) မဆိုထိုက်ဘူး လား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒါ တယ်ဘေးသင့်တဲ့ ပုဂ္ဂိုလ်၏ အဖြစ်ဆိုးလဲ . . (မသူတော် ဘေးသင့်တဲ့ ပုဂ္ဂိုလ်၏ အဖြစ်ဆိုးပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ . . . မသူတော်ဘေးဟာ ဥပစ္ဆေဒက–ကံ၊ ဥပဃာတက–ကံလို့ မရှိဘူးလား . . . (ရှိပါ တယ် ဘုရား)။

ဒါတွေက မောင်နိုင်က အနု ကျန်းကျန်းမာမာနဲ့နေတယ်၊ ဖျပ်ဆို သူက ဖြတ်ချလိုက်တယ်၊ မသူတော်ဘေး သင့်သွားတယ်၊ (မှန်ပါ့) မသင့်ဘူးလား . . . (သင့်ပါတယ်ဘုရား)။

ကိုဝ–အနု ကျန်းကျန်းမာမာနဲ့ ဖျပ်–ဆို လေဖြတ်ပြီး သကာလ ဝိညာဉ် ချုပ်ပစ်လိုက်တယ်၊ အင်း . . . ဒါ မသူတော် ဘေးသင့်တာ သေချာတယ် . . . (မှန်ပါ့) မသေချာဘူးလား . . (သေချာပါတယ် ဘုရား)။

မသူတော်ဟာက ဒကာ ဒကာမတို့ အခုအကောင်း နောက် နှစ်စက္ကန့်မှာ အဆိုးဖြစ်အောင်ဖြတ်တတ်တဲ့ သတ္တိရှိတယ် (မှန်ပါ့) ကြောက်စရာ ဘယ်လောက်ကောင်းသတုံး . . . (ကောင်းပါတယ် ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြော် . . . မသူတော်ဘေးဟာ အညီရှိယင်အုံ ဆိုတာ ကိုယ်က ဉာဏ်မရှိလို့ ရှိရင်ဖြင့် အဝိဇ္ဇာနေတော့မယ်ဆိုတာ မောင်နိုင် သေချာပြီ . . . (သေချာပါပြီ ဘုရား) အဝိဇ္ဇာဟာ သူတော်လား၊ မသူတော် လား . . . (မသူတော်ပါဘုရား)။

**မကောင်းတဲ့ကံတွေ လိုက်လာမယ်**

ဒါဖြင့် မသူတော်ဆိုတာသည် ကိုဝတို့က စဉ်းစား၊ ကိုပေါ် တို့က စဉ်းစား၊ သူ့အဖော်ပဲ လိုက်မယ် . . . (မှန်ပါ့) ခုနင်က **ဉပစ္ဆေဒက** ဖြစ်တတ်တဲ့ကံတွေ (လာပါတယ်ဘုရား) ဉပစ္ဆေဒက ကပ်ပြီး ဖြတ်တတ်တဲ့ကံတွေ လာလိမ့်မယ် . . . (မှန်ပါ့)။

**ဉပဃာတက**–ကတော့ ကောင်းကောင်းကလေး ကျန်းမာ နေတုန်းပဲကွယ် . . မင်း သေပေတော့ကွာ . . ဆိုပြီး ဉပဃာတက ကံတွေကော . . . (လာပါတယ်ဘုရား)။

ကျန်းမာနေတုန်းပဲ၊ **ဉပပီဠက** အိပ်ရာက မထနိုင်အောင် နှိပ်စက်တတ်တဲ့ ကံတွေကော . . (လာပါတယ်ဘုရား) မသူတော် ရှိလို့လာတာ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာကြောင့် လာတာပါလိမ့် . . (မသူတော် ရှိလို့ပါဘုရား)။

အို . . . အမှိုက်ရှိရာ ခွေးချေးလာတာ . . . (မှန်ပါ့) မသူတော် အမှိုက်ရှိနေလို့ ခွေးချေးနဲ့တူတဲ့ မကောင်းတဲ့ကံတွေ အကုန် လာတာ . . . (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား) ကဲ . . . ဘယ်လောက်ဆိုးသလဲ . . . (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘေးတကာ့ ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးလဲ . . . (မသူတော်ဘေး ကြောက်စရာကောင်းပါ တယ်ဘုရား)။

မသူတော်ဘေး ကြောက်စရာ အကောင်းဆုံးပဲ၊ အမှိုက်ရှိရာ ခွေးချေးလာတယ်ဆိုတာ ဒကာ ဒကာမတို့ ဟောဒီ မသူတော်ဘေး အမှိုက်ရှိလို့ ခင်ဗျားတို့မှာ စိတ်ဆင်းရဲရတဲ့ အကြောင်းတွေ၊ ကိုယ် ဆင်းရဲရတဲ့အကြောင်းတွေ မလာဘူးလား . . . (လာပါတယ် ဘုရား)။

အင်း . . ဘယ်ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်မို့ မောင်နိုင်–ဒီအဖော် တွေ ရောက်ပါလိမ့် . . . (မသူတော်ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်မို့ပါ ဘုရား) မသူတော်ဘေးသင့်လို့ ဒီအဖော်တွေ ရောက်လာတာ . . (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီး ငိုးရိမ်တာ ဘယ်ဘေးပါလိမ့် . . . (မသူတော်ဘေးပါဘုရား)။

ခင်ဗျားတို့ ငတ်သေမှာလဲ မစိုးရိမ်ပါဘူး၊ အင်း . . . သူတို့ ငတ်တော့ မသေနိုင်ဘူးဆိုတာ ဘုန်းကြီးက စိတ်ချတယ် . . . (မှန်ပါ့ဘုရား)။

ဒီပြင်ဟာ ဘာမှ မစိုးရိမ်ဘူး၊ အိမ်တွေကလဲ သူတို့ မိုးလုံလေလုံ နေကြတာပဲ၊ ကိစ္စမရှိပါဘူး၊ မိုးရွာပေမယ့် သူတို့ ဘာမှဖြစ်မှာ မဟုတ်ပါဘူး၊ နေတွေ ဘာတွေပူလဲ ပူပေမယ့် သူတို့မှာ အရိပ်တွေ ရှိသားပဲ၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ အဲဒါတွေ အကုန်စိတ်ချတယ် . . . (မှန်ပါ့)။

ဒီဘေးကျတော့ . . . (စိတ်မချရပါဘုရား)။

ကဲ . . . ကို၀ ဒီဘေးကျတော့ . . . (စိတ်မချရပါဘုရား) အခု မေ့လိုက်ရင် အခုသင့်တာပဲ . . . (မှန်ပါ့)။

အခုမေ့လိုက်ရင် . . . (အခုသင့်ပါတယ်ဘုရား)။

အေး . . . ဒါကြောင့် ဒကာ ဒကာမတို့ မေ့တဲ့ဘေးဟာ အကြီးဆုံးပဲ . . . (မှန်ပါ့)။

ဒါကြောင့် . . . "ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟာသ ဒိသာ . . ." လို့ ဓမ္မပဒ အဋ္ဌကထာက ဆိုလိုက်တယ် . . . (မှန်ပါ့ဘုရား)။

**အပါယ်လေးဘုံသည် မေ့တဲ့သူများ၏ နေအိမ်**

ပမတ္တဿ နာမ၊ မိမိခန္ဓာကိုယ် ဖြစ်ပျက်ကို မေ့လျော့ပြီး သကာလ မေ့ဘေးသင့်နေတဲ့ ပုဂ္ဂိုလ်အား။ စတ္တာရော အပါယာ၊ အပါယ်လေးဘုံတို့သည်။ သကဂေဟာသဒိသာ၊ မေ့တဲ့ပုဂ္ဂိုလ်၏ အိမ်တွေပဲ . . . (မှန်ပါ့) ကုန်ရောပေါ့ဗျာ . . . (မှန်ပါ့) မကုန်သေးဘူးလား . . . (ကုန်ပါတယ်ဘုရား)။

မေ့တဲ့ပုဂ္ဂိုလ်၏ အိမ်ဟာ အပါယ်လေးဘုံပဲ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ မေ့တဲ့ပုဂ္ဂိုလ်၏ အိမ်ဟာ . . . (အပါယ်လေးဘုံပါဘုရား)။

ကိုင်း . . . ဒါဟာ ကိုပေါ်–ဓမ္မပဒ အဋ္ဌကထာပါပဲဗျာ . . (မှန်ပါ့) ခန္ဓာကိုယ် ဖြစ်ပျက်ကို မေ့နေတဲ့ ပုဂ္ဂိုလ်၏ ဘေးသင့်ပုံ . . . (မှန်ပါ့ဘုရား)။

မေ့တဲ့ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း ဘယ်ဟာလဲ . . . (အပါယ်လေးဘုံပါဘုရား)။

ကိုင်း . . . ဒကာ ဒကာမတို့ သေသေချာချာလဲ ပေါ်လာပါပြီ တစ–တစနဲ့ . . . (မှန်ပါ့) ပေါ်လာတဲ့အခါကျတော့မှ ဩော် . . ဒီဆရာနဲ့သာမတွေ့ရင် ကိုယ်ကျိုးနည်းပဲ . .(မှန်ပါ့) မနည်းသေးဘူးလား၊ နည်းသလား . . . (နည်းပါတယ်ဘုရား)

သေသေချာချာ နည်းမယ်၊ ဒီခန္ဓာ ဘာရှိနေတယ်လို့ သိပါဦးမလား . . . (မသိပါဘုရား)။

မသိနိုင်တော့ မသိတာက . . . (အဝိဇ္ဇာပါ) အဝိဇ္ဇာဆိုတာ မေ့တာ၊ မေ့တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းဟာ အပါယ်လေးဘုံပဲ . . . (မှန်ပါ့ဘုရား)။

မေ့တဲ့ပုဂ္ဂိုလ်၏ ကိုယ့်အိမ်ဟာ ဘာတဲ့ . . . (အပါယ်လေးဘုံပါဘုရား) ကဲ . . . ဦးဘကလေးတို့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ကဲ . . မေ့တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းဟာ အပါယ်လေးဘုံပဲ . . (မှန်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ဘုရားအဆူဆူပွင့်၊ သစ္စာတရားစည်ကြီး တီးပြီးသကာလ မကြားလိုက်၊ မတွေ့လိုက်တာသည် မောင်နိုင်ရေ . . 'အသဒ္ဓမ္မတော၀ါ' ဘေး သင့်နေတာပါပဲ . . . (မှန်ပါ)။

ဘယ်နှယ်တုံး ဒကာဒကာမတို့ . . . (အသဒ္ဓမ္မတော၀ါဘေး သင့်နေတာပါဘုရား)။

အဲဒီလို ခင်ဗျားတို့ကလဲ ရွတ်လိုက်တဲ့ 'အသဒ္ဓမ္မတော၀ါ' သင့်နေတာလဲ ကိုယ့်မှာ . . . (မှန်ပါ)။

ရွတ်လိုက်တာလဲ လွန်လို့၊ သင့်နေတာလဲ . . . (ကိုယ့်မှာပါဘုရား) ဖြစ်မှ ဖြစ်ရပလေ . . . (မှန်ပါ) ကို၀ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အင်း . . . ကာလ ဒေသ တယ်မကောင်းဘူး၊ ခွေးတွေက အူတယ်၊ ကျီးတွေက ပြိုတယ်ကွ၊ ဟိုမှာလဲ လူတွေက ဟိုအရပ်မှာ ဖျပ်ကနဲ–ဖျပ်ကနဲ သေသွားတယ်၊ တယ်များသကွ၊ အဲဒီတော့ 'ရာဇတော၀ါ' ကလေးများ ရွတ်ကြစမ်းဦးကွ မောင်နိုင် လာပြီ (မှန်ပါ) မလာဘူးလား . . . (လာပါပြီဘုရား)။

အင်း . . . သူက ရွတ်သာနေတယ်၊ သူ့သင့်တာတော့ သူ မသိဘူး . . . (မှန်ပါ)။

ရွတ်တာလဲ သူပဲ . . . (မှန်ပါ) သင့်တာလဲ . . . (သူ

ပါပဲဘုရား) ဒီထက်ထူတာတော့ ဘယ်ရှာတွေ့တော့မလဲ . . . (မှန်ပါ့) ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ရွတ်တာလဲ . . . (သူပါပဲဘုရား) သင့်နေတာလဲ . . . (သူပါပဲဘုရား)။

ဒီတော့ ရွတ်နေရုံမဟုတ်ဘူး၊ ဒီအထဲမှာ သူတော်ကောင်းတရားနဲ့ တစ်ခါတည်း ခန္ဓာကိုယ် မမေ့အောင် ဖြစ်ပျက် အလုပ်ကလေး လုပ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် . . . တဲ့ သူ့မှာ သင့်သေးရဲ့လား . . .(မသင့်ပါဘုရား)။

အဲ . . .သူ့မှာ မသင့်တဲ့အခါကျလို့ရှိရင်ဖြင့် အမှိုက်မရှိလို့ ခွေးချေး မလာပါဘူး . . . (မှန်ပါ့) လာစရာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အခုတော့ အမှိုက်တွေကတော့ ပုံထားတယ်၊ ခွေးချေးတော့ မယိုစေချင်ဘူးဆိုတော့ ဖြစ်နိုင် မဖြစ်နိုင် . . .(မဖြစ်နိုင်ပါဘုရား)။

အဲ . . . ယနေ့ကစပြီး ဘုန်းကြီးတို့ ဒကာဒကာမတွေက ပြင်ကြဦးပေါ့ . . .ဆရာဘုန်းကြီး အရေးကြီးတဲ့အကြောင်းပြောပြီ (မှန်ပါ့) ပြင်ချိန်ရှိသေးလို့ ပြောလို့ရသေးတယ်၊ တော်သေးတယ် နော် . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတွေ အခုတရားဟာ ဆရာသမားလဲ စိုးရိမ်တယ်၊ ဘုရားလဲ စိုးရိမ်ဆုံး၊ ကျုပ်တို့ သံသရာရှည်ခဲ့တာလဲ သူ့ကြောင့်၊ သင့်မှန်းမသိဘဲနေတာပဲ ကျုပ်တို့၏ မိုက်ပြစ် . . . (မှန်ပါ့)။

သင့်မှန်းမသိဘဲ နေတာက . . . (မိုက်ပြစ်ပါဘုရား) မိုက်ပြစ်ပဲ၊ ဆရာကောင်းဆီ မကိုးကွယ်၊ မဆည်းကပ်၊ အဲဒီတော့ သင့်နေတာကို မောင်နိုင်–မသိဘူး . . . (မှန်ပါ့) သဘောကျပလား . . (ကျပါပြီဘုရား)။

သင့်နေတာကို . . . (မသိပါဘုရား) မသိဘူးဆိုတော့ ကိုဝတန်းကုန်တာ . . . (မှန်ပါ့) ကလေး အနာပေါက်လျက်နဲ့ ဆော့နေတဲ့ ကလေးနဲ့တော့ တူပြီ . . . (မှန်ပါ့)။

## ကလေးစိတ်နဲ့ အချိန်ကုန်ခဲ့ကြတယ်

ကလေးဟာ အနာပေါက်လျက်နဲ့ ဆော့နေတာ အမေမိဘကမင်း–တစ်နာက နှစ်နာများ ရချင်သေးလို့လားဆိုတာ အမေမိဘပြောလို့သာ သူ–နားထောင်ရတာ၊ သူကတော့ ဒီအနာဟာ အနာပေါက်မှန်းရယ်လို့ သိရဲ့လား . . . (မသိပါဘုရား) နောက်အနာရမှာကော . . . (မသိပါဘုရား)။

ဒါဖြင့် ကလေးသည် မူလ–အနာပေါက်တာလဲ သူ မသိဘူး (မှန်ပါ့) နောက် အနာ သူ ပြေးလွှား ဆော့နေလို့ ရလိမ့်မယ်ဆိုတာလဲ . . . (မသိပါဘုရား)။

ဒါဖြင့် ဒီကလေးမှာ အနာရှိတာကို အနာရှိတယ်လို့ မသိသလို ကျုပ်တို့မှာ တစ်သံသရာလုံး ကလေးစိတ်နဲ့ အချိန် ကုန်ခဲ့တယ် . . . (မှန်ပါ့) ဆိုထိုက်–မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

တစ်သံသရာလုံး . . . (ကလေးစိတ်နဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

ဘာကြောင့်တုံးဆိုတော့ 'အသဒ္ဓမ္မတော၀ါ' ဆိုတဲ့ ဖြစ်ပျက်မှနေတဲ့ ဖြစ်ပျက်ရှိလျက်နဲ့ မသိတဲ့မေ့လုံးကို ကိုယ့်မှာ အနာပေါက်နေတယ်လို့ ကို၀–မသိခဲ့ပါဘူး . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သိပ်ကြောက်စရာကောင်းပါကလား ဒကာ ဒကာမတို့ . . . (ကောင်းပါတယ်ဘုရား)။

ဘေးတကာ့ဘေးထဲ ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးလဲ (မသူတော်ဘေး ကြောက်စရာအကောင်းဆုံးပါဘုရား)။

မသူတော်ဘေးဆိုတာ ဘာမေ့တာပါလိမ့် . . . (ဖြစ်ပျက်မေ့တာပါ) ဖြစ်ပျက်ရှိလျက်နဲ့ မသိဘဲနဲ့ မေ့နေတယ် . . . (မှန်ပါ့) မောင်နိုင် ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

အားလုံး တရားနာကြတဲ့ ဒကာ ဒကာမတွေ ကဲ . . အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

ကဲ . . . မသူတော်ဘေး သင့်လိုက်တာ . . . တဲ့ ဒကာ ဒကာမတို့ ကျုပ်တို့မှာ အပါယ်ရောက်ခဲ့ရတယ်၊ ဘယ်ဘေးကြောင့်တုံး . . . (မသူတော်ဘေးကြောင့်ပါဘုရား) မသူတော်ဘေးကြောင့်နော် (မှန်ပါ့)။

နတ်ပြည်များရောက်ပြီးသကာလ နတ်ပြည်များ တစ်ခါတလေ အကြောင်းညီညွတ်လို့ တက်သွားပြီး အပါယ်လေးပါးများရောက်တာ ဘယ့်နှယ်ကြောင့် နတ်ပြည်က အပါယ်လေးပါး ပြန်ရောက်ပါလိမ့် . . . (မသူတော်ဘေးကြောင့်ရောက်တာပါဘုရား)။

ကမ္ဘာပျက်တိုင်းပျက်တိုင်း ကျုပ်တို့ ဖြဟွာပြည်မှာ များသော အားဖြင့် ဖြစ်ပြီး ဖြဟွာကြီးတွေ တန်ခိုးကြီးတွေဖြစ်ပြီး ဘယ့် နှယ်ကြောင့် ကျုပ်တို့ အခုအချိန်မှာ လူဆင်းရဲ၊ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲ ဖြစ်နေကြပါလိမ့် . . . (မသူတော်ဘေး သင့်လို့ပါဘုရား)။

မသူတော်ဘေး သင့်လို့ချည့်ပဲ ကျုပ်တို့ ဒုက္ခမျိုးစုံ ကျုပ်တို့ အကုန်ဖြစ်ရတယ် . . . (မှန်ပါ့) ဆိုထိုက်ကြရဲ့လား . . . (ဆိုထိုက် ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ . . . ဘေးတကာ့ဘေး ဘယ်ဘေး ကြောက်စရာ အကောင်းဆုံးတုံး . . . (မသူတော်ဘေး ကြောက် စရာအကောင်းဆုံးပါဘုရား) မှတ်မိကြပလား . . .(မှတ်မိပါပြီ)။

တစ်လုံးတည်း ပြောသေးတယ် မောင်နိုင်–နာရီသုံးမတ် တော့ ရှိသွားပြီကွ . . . (မှန်ပါ့) နာရီသုံးမတ်ရှိသွားပြီး ဒကာ ဒကာမတို့ အရေးကြီးလို့ ပြောနေတာ . . . (မှန်ပါ့)။

ဘယ်လိုကြောင့်ပါလိမ့် . . . (အရေးကြီးလို့ ပြောနေတာပါ ဘုရား)။

ဘုန်းကြီးက တတို့တတို့နဲ့ ညတိုင်း တစ်ခါတည်း ၇–နာရီ ဆို လာကြနော်၊ ကြိုးစားကြနော်၊ အိမ်ကျတော့လဲ မေ့မနေကြနဲ့ နော် . . ဆိုတာ အခု ဘုန်းကြီးရှိတုန်းတော့ တော်သေးတယ် . . (မှန်ပါ့)။

အခု ဒီခန္ဓာကြီးဟာ အနိစ္စ ခန္ဓာကိုယ်ကြီးပဲဆိုပြီး ထိုင်ရှုမိ တာတွေ ရှိသေးတာကိုး . . . (မှန်ပါ့)။

အိမ်နေတော့ ပစ်ထားလိုက်တဲ့အခါကျတော့ ဘေးကရောက်လာတယ် . . . (မှန်ပါ့) မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲ . . . မသူတော်ဘေး သင့်လို့ရှိရင် အပါယ်လေးဘုံဟာ သူပိုင်ပစ္စည်းတဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

မသူတော်ဘေးသင့်ရင် (အပါယ်လေးဘုံဟာ သူပိုင်ပစ္စည်းပါဘုရား) သူပိုင်ပစ္စည်းဖြစ်တော့မယ်ဆိုတော့ သိပ်ကြောက်စရာကောင်းတယ်ဆိုတာ ကိုစံလှ ပေါ်ပါပြီ . . . (ပေါ်ပါပြီဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် မသူတော်ဘေးမေ့ဘေးနော် (မှန်ပါ့) မေ့တဲ့ဘေးတဲ့၊ မေ့တာ ဘယ်သူပါလိမ့် . . . (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ သမုဒယာ . . . (အာသဝ သမုဒယောပါဘုရား)။

ဟော . . အာသဝေါတရား လေးပါးပေါ်တယ် ဒကာ ဒကာမတို့နော် . . . (မှန်ပါ့) အာသဝေါတရားလေးပါးပေါ်လာတယ်ဆိုတော့ ကောင်းကြသေးရဲ့လား . . . (မကောင်းပါဘုရား) အင်မတန် မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ ဒကာ ဒကာမတို့၊ ကြပ်ကြပ်စဉ်းစားပါ ဒါ–မနက်ကျလို့ရှိရင်ဖြင့် ဘယ်သွားမယ်၊ ဘယ်လာမယ် ဆိုလို့ရှိရင် ခန္ဓာဘက်ကို ဉာဏ်မလှည့်ဘဲနဲ့ သွားချင်လာချင်တဲ့ စိတ်တွေနဲ့ ဒီနှယ် ဟို့နှယ်တွေက ဗျာပါရများလာလို့ရှိရင် ဟာ . . . မင့်ဟာက ဒီဗျာပါရတွေ ဝင်လာကတည်းက အင်း . . . ဟိုစိတ်

မချ၊ ဒီစိတ်မချ၊ ဟိုပူ–ဒီပူ၊ ဟိုဆွေး–ဒီဆွေး၊ ဟိုမှာ ဒီမှာနေနဲ့ပဲ မသူတော် ဘေးသင့်နေတာ . . . (မှန်ပါ့) သူတော်ဘေးသင့်ရင် ငြိမ်နေမှာပဲ . . . (မှန်ပါ့)။

သူတော်ဘေးရယ်လို့ မရှိဘူး၊ သူတော်ကောင်းစိတ်သာ ရှိမယ်ဆိုရင် ငြိမ်ပြီး ချမ်းသာနေမှာပဲ . . . (မှန်ပါ့)။

ဖျပ်–ဆို မိုးလင်းလာလို့ရှိရင် ဘယ်သူက ဘယ်သွား၊ ဘယ်သူက ဘာလုပ်၊ ဘယ်သူက ဘယ်ကိုင်တွယ်ဆိုလို့ရှိရင်ဖြင့် အဲဒါ မောင်နိုင်–ရိပ်မိပါပြီ . . . (မှန်ပါ့) ဘေးသင့်လို့ ဗျာများတာ . . . (မှန်ပါ့)။

ဘယ်လိုကြောင့်ပါလိမ့် . . . (ဘေးသင့်လို့ ဗျာများတာပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အင်း . . . မနက်မိုးလင်းလို့ရှိရင် ဘာလုပ်မယ်, ဘာကိုင်မယ်, ဘာကြိုးစားမယ်လို့ လောကီအလုပ်တွေကို ပြောတိုင်းပြောတိုင်း သြော် . . . ငါ ငြိမ်ငြိမ်မနေရအောင်ဘဲ ဒုက္ခရောက်အောင် ခလုတ်တွေထည့်ပြီး ဆူးတွေငြိအောင် တွန်းပေါ့ဟ . . . (မှန်ပါ့) ဟိုလူနဲ့ ဒီလူ စကားများရအောင်လဲ သူတွန်းပေါ့ . . . (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) ဒါ . . . ဘယ်ဘေး စ, သင့်လိုက်တာလဲ (မသူတော်ဘေး စ, သင့်ပါတယ်ဘုရား) ရှင်းပလား– (ရှင်းပါပြီ)။

ကိုင်း . . ဒါဖြင့် မသူတော်ဘေးဟာ ဤမျှလောက် ယုတ်မာအကျည်းတန် ဆိုးဝါးမှာဖြင့် တန်းကုန်ပါပေါ့ဆိုတာလဲ ဘုရား

အဆူဆူနဲ့ လွှဲတာထောက်လိုက်ရင် သေချာပါပြီ . . . (မှန်ပါ့) မသေချာသေးဘူးလား . . . (သေချာပါပြီ) ကိုပေါကြီး သေချာပလား . . . (သေချာပါပြီဘုရား)။

ကောင်းပြီ . . ဒါဖြင့် ဘုန်းကြီး ဝတ္ထုထုတ်ပါတော့မယ် . . တဲ့ နာရီက နီးနေလို့ . . . ။

ပမာဒံ ဘယတော ဒိသွာ။

ပမာဒံ၊ မေ့လျော့ခြင်းကို။ ဘယတော၊ ဘေးသင့်နေတယ်လို့။ ဒိသွာ၊ မြင်ရမယ် . . . (မှန်ပါ့) မောင်နိုင် သေသေချာချာ မှတ်ပါ . . . (မှန်ပါ့)။

ပမာဒံ၊ ဒီခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက် မေ့လျော့ခြင်းကို။ ဘယံ၊ ဘေးသင့်သည်ဟု။ ဒိသွာ၊ သိ၍။ သဘောကျပလား . . (ကျပါပြီဘုရား)။

ဖြစ်ပျက်မေ့နေလို့ရှိရင်ဖြင့် ဘာသင့်တာတဲ့ . . . (ဘေးသင့်တာပါဘုရား)။

အပ္ပမာဒဥ္စ ခေမတော . . ., တဲ့၊ ဒီဖြစ်ပျက်ကို ဖြစ်ပျက်ရှိတယ်လို့ သိနေတဲ့ အခါကျတော့ ဘေးမရှိတဲ့ဆီ ရောက်မယ်တဲ့. . . (မှန်ပါ့) ပေါ်လာပြီ မဟုတ်လား . . . (မှန်ပါ့)။

မေ့နေရင် ဘေးသင့်တယ် . . . (မှန်ပါ့) မမေ့လို့ရှိရင် ဘေးမရှိတဲ့ နိဗ္ဗာန်ရောက်မယ် . . . (မှန်ပါ့) အဝိဇ္ဇာ ချုပ်ကြည့်စမ်းပါ မောင်နိုင်ရ၊ မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

**မမေ့လို့ရှိရင် နိဗ္ဗာန်ရောက်မည်**

မေ့ရင် ဘေးသင့်ပါတယ် . . . (မှန်ပါ့) အဝိဇ္ဇာဘေးသင့်ပြီ (မှန်ပါ့) မမေ့လို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ပါပြီ . . . (မှန်ပါ့) ဘယ်လောက်မှန်သတုံး . . .(မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

မေ့ရင် . . . (ဘေးသင့်ပါတယ်ဘုရား) မမေ့ရင် . . . (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အဲဒီခန္ဓာကြီးပေါ်မှာ ကြပ်ကြပ်မမေ့အောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြိုးစားရစ်ပါဆိုတော့ . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

"ပမာဒရဟိတာ ဟောထ၊ ဧသာဗုဒ္ဓါနုသာသနီ" ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး တစ်သက်လုံး ဆုံးမလာတာကွာ . . တဲ့၊ မင်းတို့ မေ့လျော့တဲ့ဘေးသင့်လို့ရှိရင် ဒုက္ခရောက်ချီရဲ့၊ မမေ့မလျော့လို့ရှိရင် နိဗ္ဗာန်ရောက်ချီရဲ့၊ အဲဒါ ငါဘုရား၏ အဆုံးအမပဲဆိုပြီး သကာလ သေသေချာချာ ဟောပါတယ် . . . (မှန်ပါ့ဘုရား)။

"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ"။

သံယုတ်ပါဠိတော်များ ဒီဥစ္စာ သိပ်မှာတာပဲ . . . (မှန်ပါ့)။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာနဲ့ ဖြစ်ပျက်မြင်သည်ဖြစ်၍။ ဝိဟရေယျ၊ နေစမ်းပါကွ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခူ၊ သံသရာကို ဘေးဟု ရှုတဲ့ ပုဂ္ဂိုလ်ဟူသရွေ့သည်။ သတော၊ ဒီခန္ဓာကိုယ်ကြီး၌ ဖြစ်ပျက် ရှိတယ်လို့ သတိထားပြီးသကာလ။ သမ္ပဇာနော၊ ပညာနဲ့ မြင်သည်ဖြစ်၍။ ဝိဟရေယျ၊ နေစမ်းပါ . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

## သတိထား ပညာနဲ့ကြည့်

အယ်၊ အခု ငါပြောတဲ့ သတိထားပြီး ပညာနဲ့ရှုဆိုတဲ့ အလုပ် ဟာ။ ဝေါတုံမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရား တို့၏။ အနုသာသနီ၊ အကြီးဆုံး အဆုံးအမပဲ . . . တဲ့၊ ၄၅ ဝါ ဆုံးမတာ သတိထား ပညာနဲ့ကြည့် ဟာစ်လုံးတည်းဟာ အဲဒီထဲ အကုန်ပါတာဘဲ . . . (မှန်ပါ့)။

သတိထားပြီးတော့ . . . (ပညာနဲ့ ကြည့်ရမှာပါဘုရား) အဲ . . . သတိထား ပညာနဲ့ကြည့်လို့ရှိရင်ကွာ . . . တဲ့၊ မေ့ဘေး သင့်နိုင်စရာ ရှိသေးရဲ့လား . . .(မရှိပါဘုရား) သဘောပါကြ ပလား . . . (ပါပါပြီဘုရား)။

အဲဒီတော့ ပါဠိတော်ကလဲ ရှည်ပြီးသကာလနေလို့ ဘုန်းကြီး တို့ ဒကာ ဒကာမတွေမှာ ပြော် . . . ဆရာသမားကလဲ ဟိုလိုက် ပြီး ရှီးမြောက်ရှီးမှာ၊ ဒီမှာလဲ ကယ်တင်ထားတာတွေက မနည်း ဘူး၊ ဒီကယ်တင်ထားတာတွေက အချို့က အဆုံးမရောက်ကြ သေး၊ အဆုံးမရောက်ကြသေးလို့ရှိရင် သူတို့မှာ ဘေးကတော့ သင့်ဦးမယ်၊ သူတို့ဟာသူတို့ သတိထားပညာနဲ့ မကြည့်ရင်

ဘောသင့်ဦးမယ် . . . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒါကြောင့် ဒီဘောထက် ကြောက်စရာကောင်းတာကော တွေ့ကြသေးရဲ့လား . . . (မတွေ့ပါဘုရား) ကဲ . . . ပါဠိတော် ရွတ်စမ်းပါ ဘာတဲ့ . . . (အသဒ္ဓမ္မတော်ဝါပါဘုရား)။

အဲဒါဟာ သုတ္တနိပါတ် ပါဠိတော်၊ ပရိတ်ကြီးလို့ အောက်မေ့ လိုက် . . . (မှန်ပါ့) သုတ္တနိပါတ် ပါဠိတော်မှာ ဘုရားကိုယ်တော် တိုင် ဟောခဲ့တာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ကဲ . . . ဒါဖြင့် နေရာကျပါပြီ . . . တဲ့၊ မောင်နိုင် စဉ်းစား လိုက်ပါ . . . တဲ့၊ တာဝတိံသာနတ်ပြည်မှာ အရင်တုန်းက ပြောခဲ့ပါတယ်၊ သုဗြဟ္မနတ်သားဆိုတာ မောင်နိုင်တို့ကို အရင် တုန်းက ဟောဖူးတယ် . . . (မှန်ပါ့)။

တာဝတိံသာနတ်ပြည်မှာ ဘာနတ်သားတဲ့ . . . (သုဗြဟ္မ နတ်သားပါဘုရား)။

**သုဗြဟ္မနတ်သား**

သုဗြဟ္မနတ်သားဆိုတဲ့ ဥစ္စာ အင်မတန် ဘုန်းကံ ပါရမီနဲ့ ပြည့်စုံခြင်းကြောင့် နတ်သမီးက တစ်ထောင်ရှိတယ်၊ သူတစ် ယောက်တည်းမှာ နတ်သမီးတစ်ထောင်ရှိတယ် . . . (မှန်ပါ့)။

နတ်သမီးတစ်ထောင်ရှိတော့ ဥယျာဉ်တော် ထွက်ကြပါ တယ်၊ ဥယျာဉ်တော် ထွက်တဲ့အခါကျတော့ နတ်သမီးငါးရာက ရေကာသစ်ပန်းတွေ၊ နတ်ပန်းတွေအပေါ်တက်ပြီး ခူးကြ–ဆွတ်ကြ

ပြီး အောက်ခြေချရတယ် . . . (မှန်ပါ့) အောက်က နတ်သမီး ငါးရာက ခြေချတဲ့ပန်းတွေကို သီကြကုံးကြပြီး ခုနင်က သုဗြဟ္မ နတ်သားက ထိုင်ပြီးသကာလ စည်းစိမ်ရှင်လုပ်ပြီး သူ့ကို လာလာ ပေးကြတယ်၊ အောက်က နတ်သမီး ငါးရာကလဲ ကိုယ်ကုံးပြီး သား ကလေးတွေကို လာလာဆင်ကြရတယ်။

အပေါ်ကတော့ ခြေချပေါ့လေ (မှန်ပါ့) အောက်က (ကုံးကြ ရပါတယ်) ကုံးပြီးဆင်ကြဆိုတော့ ဩော် . . . သူ့မှာ စည်းစိမ် ရှင်ကြီးပဲလို့ ဒကာ ဒကာမတွေ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား) သဘောပါပလား . . . (ပါပါပြီ)။

ကိုင်း . . . အောက်က ငါးရာကလဲ သူတို့ ခင်ပွန်းသည် ကျေနပ်လောက်အောင် ပြုနေရလို့ အင်မတန် ဝမ်းမြောက်နေတာ ပဲ . . . (မှန်ပါ့)။

## သီချင်းလေးတကြော်ကြော်နဲ့ သီဆိုနေကြ

အပေါ်ကလဲ ခင်ပွန်းသည်ကို သီချင်းတကြော်ကြော်နဲ့ဆိုပြီး သကာလ ပန်းတွေချွတ်ခူးပြီး ခင်ပွန်းသည်အလိုကျ လုပ်နေရ လို့ သူတို့ကလဲ ပျော်လို့မဆုံးဘူး . . . (မှန်ပါ့)။

အပေါ်ကလဲ မေ့လိုက်တဲ့ဖြစ်ခြင်း . . . (မှန်ပါ့) အောက်က ကော . . . (မေ့ပါတယ်ဘုရား)။

မေ့လိုက်တဲ့ဖြစ်ခြင်းတော့ဖြင့် မေ့ဘေးကို သင့်နေကြတယ် (မှန်ပါ့)။

အလယ်မှာ ထိုင်နေတဲ့ သုဗြဟ္မနတ်သားကလဲ အထက်က

သီချင်းသံကြားလို့ သူ့မှာ သာယာတာကတစ်မျိုး၊ အောက်က ပန်းတွေကုံးသီပြီး လာလာဆင်နေတာတွေ မြင်ရတော့လဲ သူ့မှာ ရွှင်ပြုံးလို့ မပြီးဘူး . . . (မှန်ပါ့) သူ့မှာလဲ မေ့နေလိုက်တဲ့ ဖြစ်ခြင်း . . .(မှန်ပါ့) ခန္ဓာဘာဖြစ်နေတယ် မသိဘူး . . . (မှန်ပါ့)။

နတ်မျက်လုံးဟာ ခန္ဓာကြည့်လိုက်ရင် ချက်ချင်း ဖြစ်ပျက် မြင်တယ် . . . (မှန်ပါ့) အဲဒါမမြင်ဘူး မောင်နိုင် . . . (မှန်ပါ့)။

နတ်မျက်လုံးဟာ သည်းခြေ၊ သလိပ်၊ သွေး၊ ပြည် ရှိရဲ့လား (မရှိပါဘုရား)။

ကျုပ်တို့မှာ ဒီမှာ သည်းခြေမျက်လုံးဆိုရင် ဝါ–မလာဘူး လား (ဝါ–လာပါတယ်ဘုရား) ဝါလာတာပဲ၊ သလိပ်မျက်လုံး ဆိုလို့ရှိရင်လဲ ဖြူလာတာပဲ . . . (မှန်ပါ့) ဒီလိုက ကျုပ်တို့မှာ အဖုံးအဖိတွေက မျက်လုံးအကြည်ဓာတ်ပေါ်မှာ အများကြီးရှိတယ် (မှန်ပါ့)။

**နတ်မျက်လုံးဆိုတာ**

သူတို့မှာ သည်းခြေလဲမရှိ၊ သလိပ်လဲမရှိ၊ သွေးလဲမရှိ၊ ပြည်လဲမရှိဆိုတော့ သူတို့မျက်လုံးဟာ ဉာဏ်နဲ့သာ ကြည့်လိုက် မယ် တည့်သာ တည့်လိုက်မယ်ဆိုရင် ချက်ချင်း ဖြစ်ပျက် မြင်တယ် . . . (မှန်ပါ့)။ ဒါလောက်ကောင်းတဲ့ မျက်လုံး . . . (မှန်ပါ့)။

အဲဒါကိုတောင် မေ့အေးဆိုတဲ့ အဝိဇ္ဇာက ဖုံးပြီးသကာလ

ထားလိုက်တာ ကိုဝရေ . . သုမြပ္ပာနတ်သား မြင်သေးလား . . (မမြင်ပါဘုရား) မမြင်ဘူး။

ဒါဖြင့် ပန်းကုံးနေထဲ ငါးရာကော . . . (မမြင်ပါဘုရား) ခင်ပွန်းသည် အလိုလိုက်ပြီး ခင်ပွန်းအကြိုက် လိုက်နေရတာ သူတို့မှာ ပျော်လို့မပြီးဘူး . . . (မှန်ပါ့) အောက်ကလဲ ခင်ပွန်းအလိုလိုက်ပြီး ခင်ပွန်းအကြိုက် ဆင်မြန်းပေးနေရတာကို သူတို့မှာ အကျေနပ်ကြီး ကျေနပ်နေတယ် . . . (မှန်ပါ့) ဘယ်လောက်မေ့ကြသလဲ . . . (မေ့ပါတယ်ဘုရား)။

အဲ . . . မေ့တဲ့လူပေါင်း တစ်ထောင်နဲ့တစ်ယောက် . . . (မှန်ပါ့) မဆိုထိုက်ဘူးလား . . .(ဆိုထိုက်ပါတယ်ဘုရား)။

မေ့ဘေးသင့်နေတာ ဘယ်နှစ်ယောက်ပါလိမ့် (တစ်ထောင်နဲ့ တစ်ယောက်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ကိုယ့်ဟာကလေးနဲ့ကိုယ် မေ့နေကြမှာ အလွန်စိုးရိမ်တယ် . . . (မှန်ပါ့) လူတကာတော့ကို ငါးရာတစ်ထောင်တော့ ဘယ်ရှိမတုံး၊ ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်နေရင်လဲ ဒါမေ့နေတာတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်နေရင် . . . (မေ့နေတတ်ပါတယ်ဘုရား)။

အင်း . . . တို့သားမယား ငယ်ငယ်တုန်းက ပေါင်းလာခဲ့တာပဲ သူတို့လဲ ဒီအချိန် အရွယ်ကျလို့ ရှိရင် ပူစရာလူက ကိုယ်ပဲ

ရှိတာပဲ ဆိုရင်လဲ မေ့နေဦးမှာပဲ . . . (မှန်ပါ) မမေ့ပေဘူးလား . . . (မေ့ပါတယ်ဘုရား)။

မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ဒီသားတွေ သမီးတွေကို ဘာမှ သိကြသေးတာမဟုတ်တော့ သူတို့ဝဋ္ဋရား ကိုယ်ပေါ်မှာ အကုန်ရောက်တော့ ဒါပဲ လုပ်ရဦးမှာပဲဆိုတော့ ဘာဘေးသင့်မတုံး (မေ့ဘေးသင့်ပါတယ်ဘုရား)။

အဲဒီမှာလဲ ဒကာ ဒကာမတွေ သုဗြဟ္မနတ်သား သွားပြီး မကဲ့ရဲ့နဲ့ ခင်ဗျားတို့လဲ ကိုယ့်အာရုံနဲ့ ကိုယ်နဲ့တော့ မေ့ဘေးသင့်နေတာ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ကိုယ့်အာရုံနဲ့ ကိုယ်နဲ့တော့ . . . (မေ့ဘေးသင့်နေတာပါဘုရား)။

အင်း . . . သားဘေး, သမီးဘေး, သားသမီး ဆွေမျိုးညာတကာရှေ့ လူချင်းတူတူ သူချင်းမျှမျှ ဖြစ်ဖို့၊ အခုပဲ လူတော သူတော သွားတဲ့အခါ လူချင်းတူတူ သူချင်းတူတူဖြစ်ဖို့ (မှန်ပါ) ဒါဟာ အမေမိဘတွေမှာ ဒီဘေးက သင့်နေတာပဲ . . . (မှန်ပါ) ကိုယ့်သန္တာန် ဖြစ်ပျက်ကြည့်မိရဲ့လား . . . (မကြည့်မိပါဘုရား)။

မကြည့်မိဘူး၊ ဒါဖြင့် ရောင်းဦးမှပဲ၊ ဝယ်ဦးမှပဲ ဒါကလေး ထုတ်လိုက်ဦးမှပဲ၊ အခုအခါ ကျောက်ဈေးနာဈေးနဲ့ အစရှိသည်နဲ့ ခင်ဗျားတို့ဟာကလဲမေ့ဘေးသင့်တာပဲ၊ တခါတည်း ပါးစပ်က ပြောမဆုံးဘဲ မေ့တာဘဲ . . . (မှန်ပါ) ဒီလို ကျမနေဘူးလား . . . (မှန်ပါ)။

အခု ဒကာဒကာမတွေ ဘာပြောနေနေ သူတော်ကောင်း ခန္ဓာ ဉာဏ်မလှည့်ဘဲနဲ့ ပြောနေတာ ဟူသရွေ့ဟာဖြင့် များသောအား ဖြင့် တရားမှတစ်ပါး မေ့ဘေးသင့်တာ ပြောနေတာပဲ (မှန်ပါ့) မပြောကြဘူးလား . . . (ပြောပါတယ်) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

**မေ့ဘေးသင့်ကုန်ပြီ**

ကိုင်း . . . ဒါနဲ့ ဖျတ်ဆို မေ့ဘေးသင့်နေတော့ အမှိုက်ရှိရာ ခွေးချေးလာ ဆိုသလိုပဲ မေ့ဘေး အဝိဇ္ဇာက အပေါ်မှာရှိတဲ့ နတ်သမီး ငါးရာတွေဟာ ဒကာ ဒကာမတွေ သူတို့ သန္တာန် အဝိဇ္ဇာရှိလို့ မေ့မနေဘူးလား . . . (မေ့နေပါတယ်ဘုရား) အသဒ္ဓမ္မတောဝါ–ဘေးသင့်ပြီနော် . . . (မှန်ပါ့) အဲဒီဘေးသင့် တော့ ခုနင်က ဥပဃာတက ကံဆိုတာကလာပြီး ဖြတ်ချလိုက်တာ ကိုဝ–ငါးရာစလုံး အဝီစိကျတယ် . . . (မှန်ပါ့) အကုန် တစ် ယောက်မှ ရှာမတွေ့ဘူး သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ . . . အမှိုက်ရှိရာ ခွေးချေးယိုဆိုတာ မောင်နိုင် ပေါ်ပလား (ပေါ်ပါပြီဘုရား)။

မေ့ဘေးသင့်လိုက်တဲ့အခါ ဥပစ္ဆေဒက အကုသိုလ်ကံတွေက ဝင်ပြီးနေတော့ ဒီမှာ ဝင်လို့မရဘူး . . . (မရပါဘုရား) သူက နဂိုကတည်းက အမှိုက်ဆိုတဲ့ အဝိဇ္ဇာက ရှိမနေဘူးလား . . . (ရှိပါတယ်ဘုရား) အဲ . . . အဝိဇ္ဇာ အဖော်တွေက ဒီကလာပြီး ဒီလာပြီး ကပ်လိုက်တော့ တစ်ခါတည်း လုံးမိမသွားဘူးလား ....

(လုံးမိသွားပါတယ်ဘုရား) လုံးမိသွားတော့ ဒီခန္ဓာကြီးဟာ ပြတ်ထွက် သွားတယ်၊ ဥပစ္ဆေဒက ကံက လာဖြတ်ချလိုက်တယ် . . . (မှန်ပါ့)။

ကဲ . . . ငါးရာစလုံး ဘယ်ရောက်သွားသတုံး . . . (အဝီစိ ရောက်သွားပါတယ်) အဝီစိ ဒယ်အိုးထဲမှာ အကုန်ရောက်ကြတယ် . . . (မှန်ပါ့)။

ဒီတွင်မှ သုပြဟ္မနတ်သားက ဒကာ ဒကာမတို့ ဩော် . . . သီချင်းဆိုသံလဲ မကြားဘူး၊ ပန်းတွေလဲ အောက်မကျလာပါဘူး၊ ဘယ်များသွားကြပါလိမ့်မလဲ၊ သံဝေဂကလေး နည်းနည်း ဝင်လာတယ်၊ အဲဒီအချိန်ကျမှ မောင်နိုင် ကြည့်လိုက်တော့ တစ်ယောက်မှ ရှာမတွေ့တော့ဘူး . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

## အဝီစိမှာ ငရဲခံကြရပြီ

ဒီအပေါ်မှာလဲ တစ်ယောက်မှ မရှိဘူးဆိုပြီး သူ့မှာလဲ ဘယ်များသွားကြလို့ ဘယ်များ ရောက်ပါလိမ့်မတုံးဆိုပြီး အဲဒီကျမှ သည်းခြေသလိပ်ကင်းတဲ့ နတ်မျက်လုံးနဲ့ ကြည့်လိုက်တော့ အဝီစိကျအောင် ဖောက်မြင်တယ် . . . (မှန်ပါ့) ငါးရာစလုံး ဟိုမှာ အော်ကာ ငင်ကာနဲ့ ခံနေကြရတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ငါးရာစလုံး ဘာဖြစ်နေကြသတုံး . . . (အော်ကာ, ငင်ကာ ခံနေရပါတယ်ဘုရား)။

အော်ကာ ငင်ကာနှင့် ခံနေရတဲ့အခါကျတော့ ကဲ . . . သွားပြီ သွားပြီ . . .သွားပြီ . . .ဒါလဲ မေ့ဘေးသင့်လို့ . . .လို့ မောင်နိုင် သူဘေးသိသွားတယ် . . . (မှန်ပါ့)။

**နောက် ခုနစ်ရက်ဆိုရင် သူတို့လည်း သွားကြရမည်**

ဒါဖြင့် ကဲ . . . အခု ငါးရာနဲ့ ငါနဲ့ ကျန်နေသေးတယ်၊ တို့လဲ ဘာဖြစ်မှာတုံးဆိုပြီး ကိုယ့်အကြောင်းကိုယ် ပြန်တွေးပြန်တော့ သူတို့လဲ ငါးရာနဲ့တစ်ယောက်က နောက် ခုနစ်ရက်ရှိရင် အဲဒီပဲ သွားရမှာ . . . (မှန်ပါ့) မေ့ဘေးသင့်တဲ့အထဲမှာ အတူတူ ပါရမှာ (မှန်ပါ့)။

ကဲ . . . ကိုဝ ပျော်နိုင်သေးရဲ့လား . . . (မပျော်နိုင်တော့ ပါဘုရား)။

နဂိုက နတ်မျက်လုံးက ဒါလောက် ထက်လျက်သားနဲ့ မောင်နိုင်၊ မေ့ဘေးသင့်နေလို့ မမြင်တာ . . . (မှန်ပါ့ဘုရား) အဝီစိတောင် လှမ်းမြင်တာ ကြည့်ပါလား . . . (မှန်ပါ့)။

အဝီစိတောင် သူ့နတ်သမီးတွေ ကျနေတာ မမြင်ဘူးလား (မြင်ပါတယ်ဘုရား) သူတို့ ခန္ဓာကြည့်လိုက်ရင် မမြင်ပေဘူး လားဗျာ . . . (မြင်ပါတယ်ဘုရား)။

အဲဒါ ဘာဘေးသင့်နေတာတုံး . . . (မေ့ဘေးသင့်နေတာပါ ဘုရား)။

ကဲ . . . ရှိပါစေတော့၊ မေ့ဘေးကြောင့် တစ်ဝက်တော့သွားပြီ

(မှန်ပါ့)။ မေ့ဘေးသင့်လိုက်တာ တစ်ဝက်တော့ အဝီစိရောက်ပြီ (မှန်ပါ့)။

ကျန်တဲ့ ငါးရာနဲ့ တစ်ယောက်လဲ မောင်နိုင် ဒီအတိုင်းသာ နေကြဦးမယ်ဆိုရင် အဝီစိသွားဦးမှာပဲ . . . (မှန်ပါ့) ဘယ်ဘေး သင့်ချလိုက်တာလဲ . . . (မေ့ဘေးသင့်ချလိုက်တာပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် . . . တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မေ့ ဘေးလောက် ကြောက်စရာကောင်းတာဖြင့် အသဒ္ဓမ္မတောဝါ ဆိုတဲ့ မေ့ဘေးလောက် ကြောက်စရာကောင်းတဲ့ လက်နက်ဟာ ဖြင့် မရှိတော့ဘူး . . . (မှန်ပါ့)။

အခုကြည့်စမ်း နတ်ကနေပြီး ငရဲကောင်တွေ ဖြစ်နေတယ် (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ (ကောင်းပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ကိုင်း . . . ဒါနဲ့ပဲ သူ့အကြောင်းကို သုဗြဟ္မနတ်သားက ငါလဲပဲ ဘာဖြစ်မှာတုံးလို့ အို . . . ခုနစ်ရက်ရှိရင် ဒီနတ်သမီး တွေနဲ့ မေ့ဘေးသင့်တဲ့သူချင်း သွားပြီး ဒယ်အိုးထဲမှာ ပေါင်းရ မှာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) သူ့နတ်သမီး တွေ ကြည့်လိုက်ပြန်တော့လဲ ဒီအတိုင်း ရောက်လိမ့်မယ်ဆိုတာ သူ မြင်ပြန်တယ် . . . (မှန်ပါ့)။

အဲဒီတွင်မှ ကိုင်း . ကိုးကွယ်ရာလဲမရှိ၊ ဆည်းကပ်ရာလဲ

မရှိ၊ ဒီဘေး ဘယ်သူတားပေးနိုင်ပါ့မတုံး ဆိုတာကလေး မောင်နိုင်ရေ . . အကြံအစည်ကလေး ပေါ်ပေါက်တယ် . . (မှန်ပါ့)။

သို့သော်လဲ သူ့မှာ သင့်နေတဲ့ဘေး သူသိပလား . . . (မသိသေးပါဘုရား)။

**အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်ပါ**

ဘုရားဆီ သူသွားမလို့ စိတ်ကူးတာပါပဲ . . . (မှန်ပါ့) သို့သော် ဒီ ဒကာ ဒကာမတွေကို ယနေ့ည ဟောတဲ့တရားကတော့ ဟာ . . . ဘယ်မှ သွားဖို့ မလိုတော့ဘူး၊ ကိုယ့်မေ့ဘေးကိုယ်နှုတ်ပစ်မှ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ပစ်လိုက် . . . (မှန်ပါ့)။

ဖြစ်ပျက် မမြင်တာကို ဖြစ်ပျက်မြင်အောင် လုပ်ပစ်လိုက်၊ မေ့ဘေးဟာ တစ်ခါတည်း လွတ်သွားတာပဲ . . . (မှန်ပါ့) မလွတ်ဘူးလား . . . (လွတ်သွားပါတယ်ဘုရား)။

ဘယ်လောက် မောင်နိုင် အဖိုးတန်သလဲ . . . (တန်ပါတယ် ဘုရား)။

ကဲ . . . ဒါနဲ့ပဲ ဒကာ ဒကာမတို့ ဘယ်လိုလုပ်ရမယ်လို့ နတ်သား ဖြစ်နေတယ် ကိုဝနှယ် . . သိကို မသိဘူး . . . (မှန်ပါ့) သေရမှာတော့ သူမကြောက်၊ အဝီစိရောက်မှာတော့ သိပ်ကြောက်နေပြီ . . . (မှန်ပါ့)။

ကြောက်သာကြောက်တယ် ဘယ်ဘေးသင့်လို့ ငါ ဒီနေရာ ရောက်ရမှာပါလိမ့်မတုံးဆိုတာ လက်သည်တော့ ဖမ်းမမိဘူး .. (မှန်ပါ့)။

ခင်ဗျားတို့ကို အခု တရား တစ်နာရီ ဟောလာတော့ ဒကာ ဒကာမတို့ ဘယ်ဟာနှုတ်လိုက်ရင် ပြီးမယ်ဆိုတာကော ရိပ်မိ ပလား . . . (ရိပ်မိပါပြီဘုရား)။

မေ့တတ်တဲ့ အဝိဇ္ဇာ နှုတ်ပြီးသကာလ မမေ့တတ်တဲ့ဖြစ်ပျက် မြင်တဲ့ဝိဇ္ဇာ သွင်းလိုက်ပါလား . . . (မှန်ပါ) ကိုယ့်ဟာကိုယ် နှုတ်ရတယ် . . . (မှန်ပါ)။

အဲဒီ နတ်သမီးငါးရာနဲ့ သုဗြဟ္မနတ်သားက ကိုဝ ဘယ်လို လုပ်ရမှန်းမသိဘူး . . (မှန်ပါ) ပူသာ နေတော့တာပဲ၊ အင်း . . နောက် ခုနစ်ရက်ရှိ သွားရတော့မယ်၊ နောက် ခုနစ်ရက်ရှိ ကြောက်လှချီရဲ့၊ ဒီ အဝီစိကြီးရောက်ရတော့မယ်၊ ဟိုကလဲ ရှေ့က ရောက်နှင့်နေကြပြီ၊ ရောက်နှင့်နေတာလဲ သူများသားသမီးတွေ လား၊ သူ့သံယောဇဉ်တွေလား . . . (သူ့သံယောဇဉ်တွေပါ ဘုရား)။

အင်း . . နဂိုပြုံးတာတွေ မောင်နိုင် အကုန်မဲ့ရပြီ . .(မှန်ပါ) နဂိုတုန်းကတော့ သီချင်းတကြော်ကြော်နဲ့ အပေါ်က နတ်သမီး တွေက ပန်းတွေ ခြွေချနေတုန်းကတော့ သူက အောက်က ပြုံးလို့ ပေါ့လေ၊ သီချင်းသံကလေး နားထောင်၊ ပန်းတွေရလာလို့ ဝမ်းသာ . . . (မှန်ပါ) ကိုဝ အခု ပြုံးနိုင်သေးရဲ့လား . . . (မပြုံး နိုင်ပါဘုရား)။

မပြုံးနိုင်တော့မှ ခက်ပြီဆိုပြီးသကာလ ဘုရားဆီ ပြေးရပါ တယ် . . (မှန်ပါ) မပြေးကြဘူးလား . . (ပြေးကြပါတယ်ဘုရား)။

ဘုရားဆီ ပြေးကြတယ် ဒကာ ဒကာမတို့ . . . ၊ ပြေးတော့ ဘုရားက ကွာ . . . တဲ့၊ မင်းတို့သည်ကား . . . လို့ ဆိုလို့ရှိရင် ဖြင့် အခု ဘယ်ကိစ္စနဲ့ လာကြသတုံး . . . ။

**ကယ်မတော်မူပါဦးဘုရား**

တပည့်တော် ဒီလိုပဲဘုရား . . နတ်သမီးတထောင်နဲ့နေတာ ငါးရာကဖြင့် ပန်းဆွတ်နေတဲ့ ငါးရာ တပည့်တော် . . . တပည့်တော် နတ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အလုံးစုံ အဝီစိ ရောက်ကုန်ပါပြီဘုရား၊ တပည့်တော် ဉာဏ်စွမ်းနဲ့ တပည့်တော် နတ်မျက်လုံးနဲ့ ကြည့်လိုက်ပြန်တော့လဲ တပည့်တော်တို့လဲ နောက် ခုနစ်ရက်ရှိရင် အဲဒီ အဝီစိပဲ အတူတူ သွားကြရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကယ်တော်မူပါဦး . .ယူတော်မူပါဦး .. တဲ့ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ . . . နတ်မင်ဖြစ်ငြားသော်လဲ ကယ်တော်မူပါဦး . . . ယူတော်မူပါဦး. . .ဆိုတော့ ဘယ်အလုပ် လုပ်ရမယ်၊ ဝိပဿနာ အလုပ် လုပ်ရမယ်လို့ သိရဲ့လား . . . (မသိပါဘုရား)။

အခု ဒီ ဒကာ ဒကာမတွေ အဲဒီ နတ်ပြည်ထက် အဆပေါင်း တရာမကဘူး၊ ခင်ဗျားတို့ သာတယ် . . . (မှန်ပါ့) ဒီနေ့ဟောတဲ့ တရားမှာ . . . (မှန်ပါ့)။

မေ့ဘေးသင့်လို့ရှိရင် မမေ့အောင် နေလိုက်မဟော့ . . . ဆိုလို့ရှိရင် ပြီးသွားတာပါဘဲ . . . (မှန်ပါ့)။

မမေ့အောင် နေလိုက်မဟော့ . . . ဆိုတော့ မေ့ဘေးသင့်နိုင် သေးရဲ့လား . . . (မသင့်နိုင်ပါဘုရား) မသင့်နိုင်ရင် အောက် သံသရာကြီးသွားဖို့ . . . (မသွားနိုင်ပါဘုရား)။

မသွားတော့ဘူးဆိုတာ ခင်ဗျားတို့မှာ ဒီနည်းရတယ် . . . (မှန်ပါ့) အခု ဘုရားဆီ ပြေးရှာတယ် . . . (မှန်ပါ့) သူ့ကိုယ်တိုင် နည်းရရဲ့လား . . . (မရပါဘုရား)။

ကဲ . . . ဘယ်သူက တန်းသာတယ်ဆိုတာ ဒကာ ဒကာမ တွေ ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဒီ ဒကာ ဒကာမတွေက . . (တန်းသာပါတယ် ဘုရား)။

တန်းသာတယ် . . . တဲ့၊ အဲဒါ ကလျာဏမိတ္တ ဆိုတဲ့ သူတော်ကောင်းနဲ့ ပေါင်းမိလို့ မောင်နိုင် . . . (မှန်ပါ့) ဒါနဲ့သာ မပေါင်းမိရင် ခင်ဗျားတို့သွားပြီ . . . (မှန်ပါ့)။

သွားပြီ . . . အခုတော့ဖြင့် ဘာဂါိစ္စရှိသတုံးကွ . . ၊ ဖြစ်ပျက် ရှုပေးလိုက် မေ့ဘေးအသင့်တော့ မခံဘူးပြောတာ . . . (မှန်ပါ့)။

ဖြစ်ပျက် ရှုနေလိုက်တော့ ဘယ်နိမိတ်တွေ ထင်စရာရှိသေး သတုံး၊ ဘာနိမိတ်မှ ထင်စရာမရှိဘူး၊ ဒကာ ဒကာမတွေ လာရင် သုဂတိနိမိတ်၊ ဒါဘာ့လာမယ်၊ ဖြစ်ပျက် ရှုသေ လိုက်မယ်ဆို တော့ . . . (မှန်ပါ့)။

**နေလည်း ဖြစ်ပျက်နဲ့နေ သေလည်းဖြစ်ပျက်နဲ့ သေပါ**

သို့သော်လဲ နေလဲ ဖြစ်ပျက်နဲ့ပဲ၊ သေလဲဖြစ်ပျက်နဲ့ပဲလို့ သာ စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်၊ အဲဒါ မေ့ဘေး လုံးဝ လွတ်

နေတာပဲ . . (မှန်ပါ့) သဘောကျပလား . . (ကျပါပြီဘုရား)။

ဘာပါလိမ့် . . . (မေ့ဘေး လုံးဝလွတ်နေပါတယ်ဘုရား) ရှင်းပြီနော် . . . (မှန်ပါ့)။

အဲဒီတွင်မှ နတ်သမီးငါးရာနဲ့ သုပြဟ္မနတ်သား ဘုရားဆီ ရောက်ပါပြီ ဆိုကြပါစို့၊ အရှင်ဘုရား . . ကယ်တော်မူပါဦး . . ယူတော်မူပါဦး . . . တဲ့။

သူ့ဟာသူ ကယ်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိရဲ့လား . . . (မရှိပါ ဘုရား) ဒီ ဒကာ ဒကာမတွေမှာ . . . (ရှိပါတယ်ဘုရား)။

ရှိတယ် . . . တဲ့၊ ခင်ဗျားတို့ မမေ့သာ မမေ့ဘဲနဲ့ "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" ဆိုတဲ့ ဒီဖြစ်ပျက်ကိုသာ ခင်ဗျားတို့ ရှုနေမယ်ဆိုလို့ရှိရင်ဖြင့် ဒီခန္ဓာ မလိုချင်လို့ ဟိုခန္ဓာမရ . . . (မှန်ပါ့)။

ဒီခန္ဓာမလိုချင်လို့ . . . (ဟိုခန္ဓာမရပါဘုရား) သေချာပလား (သေချာပါပြီဘုရား)။

ဟိုခန္ဓာ မရတော့ဘူးဆိုကတည်းက ခန္ဓာအဆုံးဟာ နိဗ္ဗာန် ပဲ . . . (မှန်ပါ့)။

ကဲ . . . မမေ့တဲ့ပုဂ္ဂိုလ်အတွက်မှာ ဘယ်လောက် ခရီးပေါက် သတုံး . . . (ပေါက်ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ ဘုရား)။

ဒီတွင်မှ ကယ်တော်မူပါဦးဘုရား . . . ယူတော်မူပါဦးဘုရား၊ တပည့်တော်တို့လဲ ခုနစ်ရက်ရှိရင် သွားရတော့မယ်ဘုရား၊

အရှင်ဘုရားမှ မကယ်ရင်ဖြင့် တပည့်တော်တို့ဖြင့် ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူးဆိုတော့ မောင်နိုင်ရေ . . . ဒီ ဒကာ ဒကာမ တွေလောက် ဆရာကောင်း မတွေ့ခဲ့ဘူးဆိုတာ ဒီ့ကိုတ် သေချာ တယ် (မှန်ပါ့) မသေချာဘူးလား . . . (သေချာပါတယ်ဘုရား) ဒါကြောင့် လျှောက်နေရတယ် . . . (မှန်ပါ့)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ ရတဲ့ . . .

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ . . .

လို့ မင်းကွာ . . . တဲ့ ဖြစ်ပျက်ရှုတဲ့ ဗောဇ္ဈင် မဂ္ဂင် အလုပ်မှ တစ်ပါး မင်းကို ကယ်မည့်လူ တစ်ယောက်မှမရှိဘူးလို့ မှတ်လိုက် တဲ့ . . . (မှန်ပါ့)။

**မဂ္ဂင်အလုပ်မှ တစ်ပါး ကယ်မည့်သူမရှိ**

ကိုင်း . . . ဆုံးဖြတ်ချက် ချပေးလိုက်တယ် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ဘယ်လောက် အရေးကြီး သတုံး ဒီစကား . . . (ကြီးပါတယ်ဘုရား)။

ဗောဇ္ဈင်နဲ့ မဂ္ဂင်ဟာ အတူတူနော် . . . (မှန်ပါ့) ဗောဇ္ဈာ တပသာ၊ ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ သောတ္ထိံ၊ မင်းချမ်းသာခြင်းကို (ဝါ) မင်းချမ်းသာလိမ့်မယ် ဆိုတာ ကို။ နပဿာမိ၊ မမြင်ဘူးကွာ . . . တဲ့ . . . (မှန်ပါ့)။

ဖြစ်ပျက် ရှုတဲ့ ဗောဇ္ဈင် မဂ္ဂင်အလုပ်မှတစ်ပါး မင်းချမ်းသာခွင့်ကို မမြင်ဘူး၊ မင်း ဒါလုပ်ရင်လုပ် မလုပ်နိုင် သွားပြီ၊ မင်း မြင်တဲ့နေရာသွားတော့ . . . (မှန်ပါ့)။

ကောင်းကြသေးရဲ့လား . . . (မကောင်းပါဘုရား) အဲဒီတော့ ဒီ ဒကာ ဒကာမတွေ အနု ဘုန်းကြီးက မိဘ ဆွေမျိုး ဉာတကာတွေ မတော်ဘူးသူမည်သည်မရှိလို့ ဒါသည်ပဲ အားကိုးရစ်ဆိုတာ ပြောနေတယ် . . . (မှန်ပါ့) ဒီပြင်ဟာကို အားမကိုးပါနဲ့၊ ဒီဟာ အရေးအကြီးဆုံးပါပဲ . . . (မှန်ပါ့) ဘုရားကို ဖွင့်ချပြီ (မှန်ပါ့)။

နာညတြဗောဇ္ဈာတပသာ၊ ဗောဇ္ဈင်မဂ္ဂင်တည်းဟူသော။ တပသာ၊ အကျင့်။ ဗောဇ္ဈာတပသာ၊ ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို။ အညတြ၊ ကြဉ်ထား၍ဆိုတော့ ဖြစ်ပျက်ရှုတဲ့ အကျင့်ကိုဆိုတယ် (မှန်ပါ့) သောတ္ထိ၊ မင်း၏ချမ်းသာရာကို။ နပဿာမိ၊ ငါမမြင်ဘူးကွ . . . တဲ့ . . . ။

မင်း ဒီအကျင့်ကို ကျင့်ရင်ကျင့်၊ မကျင့်ရင်တော့ သွားပြီကွတဲ့ . . . (မှန်ပါ့)။

ကဲ . . သေသေချာချာ ဖွင့်မချဘူးလား ဦးဘကလေးရ . . (ဖွင့်ချပါတယ်ဘုရား) ရိပ်မိကြမလား ဒကာ ဒကာမတို့ . . . (ရိပ်မိပါပြီ)။

ဒီအကျင့်မှတစ်ပါး မင့်ကို ကယ်မည့်သူ မရှိဘူး . . . (မှန်ပါ့) မောင်နိုင် မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)။

အဲဒီတော့ ဒီ ဒကာ ဒကာမ တွေ ဆရာသမားကလဲ

အကြောင်းညီညွတ်တော့ သွားရမယ်ဆိုတော့ ဘာအားကိုး နေရစ်ကြမှာတုံး . . . (ဖြစ်ပျက်အကျင့်ပဲ အားကိုးနေရပါမယ်ဘုရား)။

ဖြစ်ပျက်ကျင့်တဲ့ အကျင့်ပဲ အားကိုးနေ . . . (မှန်ပါ) ဒီပြင်ဘာရှိသေးသတုံး . . . (မရှိပါဘုရား)။

အခု ဘုရားသခင် ကိုယ်တော်မြတ်ကြီးကပဲ သေသေချာချာဖွင့်ချပြီ၊ ငရဲသွားမည့် ပုဂ္ဂိုလ်တွေ ငါးရာနဲ့ တစ်ယောက်မောင်နိုင် . . . (မှန်ပါ) မဆိုသာဘူးလား . . . (ဆိုသာပါတယ်ဘုရား) သူများပြောလား သူတို့ကိုယ်တိုင်မြင်ပြီးသားလား (ကိုယ်တိုင်မြင်ပါဘုရား)။

ရှေ့ကသွားနှင့် ရှိ–မရှိ . . . (ရှိပါတယ်ဘုရား) ရှေ့ကသွားနှင့်တာလဲရှိတယ်၊ ကိုယ်သွားရမယ်ဆိုတာလဲ ကိုယ့်ကိုယ်တိုင် သိတယ် . . . (မှန်ပါ)။

အဲဒါတောင် ဘုရားက မင်းဖြစ်ပျက်ရှုတဲ့၊ မဂ္ဂင်အကျင့်ကိုကျင့်လို့ရှိရင် အဲဒါမှတစ်ပါး မင်းကို ကယ်မည့်သူ မရှိဘူးဆိုတော့ ဒီပြင်ဟာ ဟောကို မဟောတော့ဘူး . . . (မှန်ပါ) ဟောသေးရဲ့လား . . . (မဟောပါဘုရား)။

ကဲ . . . အရေးတကြီး ဘယ်လောက် ပေါ်လာတယ်ဆိုတာ . . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် မေ့အေးမသင့်စေနဲ့၊ မမေ့တာသည် ဖြစ်ပျက်ရှုတာပဲ . . . (မှန်ပါ) ဒါဟာ ဇောစွင့်မဂ္ဂင်အလုပ် . . . (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## တစ်ခွန်းတည်းပြောလိုက်တူယ်၊ လုပ်ရင်လုပ်

"နာညတြသဗ္ဗနိဿဂ္ဂ၊ သောတ္တိ ပဿမိ ပါဏိနံ" တဲ့ မင်း ဗောဓိရှင်မဂ္ဂင်အလုပ်မှတစ်ပါး မင်းကို ကယ်မည့်သူ မရှိဘူး၊ လုပ်ရင်လုပ် မလုပ်ရင်သွား . . . တစ်ခွန်းတည်းပြောတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဘယ်ဟိုမှာ သူ့ခင်ပွန်းသည် ငါးရာလဲ အော်ကာ ငင်ကာနဲ့ ခံနေရပြီ၊ သူတို့ကလဲ သွားရမှာ သေချာတယ်ဆိုတော့ အရိုးကျေကျေ အရေခြောက်ခြောက် လုပ်တော့မယ်ဆိုတဲ့စိတ် မမွေးပေဘူးလား . . . (မွေးပါတယ်ဘုရား)။

မွေးလိုက်ပြန်တော့လဲ ကိုဝတို့ ကိုပေါ်တို့ မောင်နိုင်တို့ မှတ်လိုက်ပေတော့ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးပြီး သောတာပန်တည်တယ် . . . (မှန်ပါ့)။

ငါးရာတစ်ယောက် အပါယ်သေချာပြီးသား . . . (မှန်ပါ့) စဉ်းစားကြည့်စမ်း အပါယ် သေချာပြီးသားနော် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် စတုဟာ ပါယေဟိစ ဝိပ္ပမုတ္တော . . . (မှန်ပါ့) ဟောသင့် မဟောသင့် . . . (ဟောသင့်ပါတယ်ဘုရား)။

ဘုရားဟောတာလေ . . . (မှန်ပါ့) ခင်ဗျားတို့ ပရိတ်ကြီးထဲမှာပါပဲ၊ "တယာဿုစမ္မော (ပ) စတူဟာပါယေဟိစ ဝိပ္ပမုတ္တော..." အပါယ်လေးပါးမှ လွတ်သွားတယ်၊ ဖြစ်ပျက်ပဲ၊ ဒါကယ်တာပဲ ဆိုတာ ဒကာ ဒကာမတွေ သေချာပလား . . . (သေချာပါပြီဘုရား)။

**ငရဲသေရျာပြီးသားတွေ သောတာပန် တည်ကြပြီ**

တစ်ခါတည်း သုဖြဟ္မနတ်သားရော မောင်နိုင် သူနဲ့ လိုက်ပြီး တရားနာတဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေရော ဘာဖြစ်ကုန်သလဲ . . (သောတာပန် တည်ပါတယ်ဘုရား)။

ဟာ . . ငရဲသွားမည့်ပုဂ္ဂိုလ်က သောတာပန်တည်တယ် . . (မှန်ပါ့) ဘယ်သူတုံး . . . တည်တာ . . . (တာဝတိံသာ နတ်တွေ ပါဘုရား)။

ငရဲသေရျာပြီးသားတွေက ဘာတုံး . . . (သောတာပန် တည်ပါတယ်ဘုရား)။

ငရဲလွတ်သွားတယ် . . . (မှန်ပါ့) နောက် ဒ်နေရာပြန်ရောက် ဖို့ ရှိသေးသလား . . . (မရှိပါဘုရား)။

ဒါ ဘယ်သူသတ္တိတုံးဆိုတော့ ဗောဇ္ဈင် မဂ္ဂင်အကျင့် ကျင့် လိုက်တာ . . . (မှန်ပါ့)။

ဒကာကြီးလှိုင် ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘာကျင့် လိုက်တာတုံး . . (ဗောဇ္ဈင်မဂ္ဂင်အကျင့် ကျင့်လိုက်တာပါဘုရား)။

**ဖြစ်ပျက်ရှုတာဟာ ဗောဇ္ဈင်မဂ္ဂင်ချည့်ပဲ**

ဗောဇ္ဈင်မဂ္ဂင်အကျင့်ဆိုတာ ခင်ဗျားတို့က စာလိုပြောနေတာ၊ ဖြစ်ပျက်ရှုတာဟာ ဒါ . . . ဗောဇ္ဈင်မဂ္ဂင်ချည့်ပဲ . . . (မှန်ပါ့) ဒီထဲ မဂ္ဂင်ကပါမနေဘူးလား . . . (ပါနေပါတယ်ဘုရား) ဗောဇ္ဈင် ကကော . . . (ပါပါတယ်ဘုရား)။

အဲ . . . ဖောရှင်နဲ့ မဂ္ဂင်ဆိုတာ ဘာမှထူးတာမဟုတ်ဘူး ဆိုတာ မှတ်လိုက်စမ်းပါ (မှန်ပါ့) ရှုပွားနေတဲ့အလုပ် ဟူသရွေ့ကို ဖောရှင်မဂ္ဂင်ချည့်ပဲမှတ် . . . (မှန်ပါ့) သေချာကြပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒါ . . . ခရီးပေါက်အောင် လိုက်လိုက်တော့လဲ ငရဲ ပြည်ရပြီးသား ကယ်တင်တာ ဖောရှင်မဂ္ဂင်ပဲ . . . (မှန်ပါ့)။

ငရဲပြည်ရပြီး . . . (ကယ်တင်တာ ဖောရှင်မဂ္ဂင်ပါ ဘုရား)။

ဖောရှင်မဂ္ဂင်ပဲဆိုတော့ ခင်ဗျားတို့လဲ ဆရာဘုန်းကြီးက မမေ့လို့ရှိရင် ဒါ ဖောရှင်မဂ္ဂင်ဖြစ်တာပဲ . . . (မှန်ပါ့) မေ့ရင် တော့ဖြင့် ဖောရှင်မဂ္ဂင် ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## ဝိပဿနာ အလုပ်ကိုသာ လုပ်ကြပါ

အဲဒီတော့ သုဗြဟ္မ နတ်သားကို ဒီအတိုင်းပဲ သင်ဟာ ဝိပဿနာအလုပ်ကိုသာ လုပ်ပါလို့ ကိုကိုပြောလိုက်တော့ ဒါလုပ် လိုက်တော့ ဟိုဗုဂ္ဂိုလ်တွေတော့ မေ့ဘေးသင့်လို့ မောင်နိုင် မတတ် နိုင်တော့ဘူး (မှန်ပါ့) ဘုရားတတ်နိုင်သေးရဲ့လား (မတတ်နိုင်ပါ ဘုရား) ဒါကခုလေးကတော့ အချိန်မီလိုက်သေးတယ် . . . (မှန်ပါ့)။

ငါးရာနဲ့ တစ်ယောက်ကတော့ အကုန်အပါယ်လေးပါးလွတ် သွားပြီး နိဗ္ဗာန်ဝင်ကြတယ် . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် မေ့ဘေးသင့်တာက ငါးရာဟုတ်လား . . . (မှန်ပါ့) ကျန်တဲ့

ငါးရာ့တစ်ယောက်က မေ့ဘေး ဖယ်ရှာပြီး မမေ့တဲ့ အလုပ် လုပ်လိုက်တဲ့အတွက် သောတာပန် တည်ကုန်ကြတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီး စိုးရိမ်တာ ဒကာ ဒကာမတွေ ဘာပါလိမ့် . . . (မေ့ဘေးပါဘုရား) ပါဠိတော်အလို ဘာပါလိမ့် . . . (အသဒ္ဓမ္မတောဝါပါဘုရား)။

အသဒ္ဓမ္မတောဝါကြောင့် ငါးရာစလုံး ဘာဖြစ်သွားသတုံး (အဝီစိကျပါတယ်ဘုရား)။

နောက်ကျတဲ့အခါကျလို့ရှိရင်ဖြင့် မမေ့တဲ့ပုဂ္ဂိုလ်တွေက ငါးရာနဲ့ တစ်ယောက်က ဘာဖြစ်သွားသတုံး . . . (သောတာပန် တည်ပါတယ်ဘုရား)။

## မိုးနဲ့မြေကြီး ကွာသွားကြပြီ

ကြည့်စမ်းပါဦး . . . မိုးနဲ့မြေကြီး ကွာသွားတယ် . . (မှန်ပါ့) မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။

မိုးနဲ့မြေကြီး ကွာတယ်နော်၊ ဟိုက ဟိုအောက် အဝီစိမှာ၊ ဒီက ဟိုအပေါ်မှာ သောတာပန်တည်ပြီး နိဗ္ဗာန်မှာ . . . (မှန်ပါ့) ဘယ်လောက်ကွာသတုံး . . . (ကွာပါတယ်ဘုရား)။

ဒါဖြင့် မေ့တဲ့ပုဂ္ဂိုလ်နဲ့ မမေ့တဲ့ပုဂ္ဂိုလ် ဒကာ ဒကာမတို့ အင်မတန် မခြားနားဘူးလား . . . (ခြားနားပါတယ်ဘုရား) အဲဒါ ဆရာဘုန်းကြီးက ဒကာ ဒကာမတွေ ဘာစိုးရိမ်ပါလိမ့် . . . (မေ့ဘေးသင့်မှာ စိုးရိမ်ပါတယ်ဘုရား)။

အောက်သွားချေရဲ့၊ အောက်သွားချေရဲ့ . . . လို့ ဒါ မစိုးရိမ် ထိုက်ဘူးလား . . . (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဟာ . . ဒီဟာ ဘုန်းကြီးကလဲ ဒါလောက် ဟောထားတာပဲ၊ တို့တော့ဖြင့် တစ်နေ့တစ်ကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ လုပ်တိုင်း ကိုင်တိုင်းဖြစ်စေ ဒီဖြစ်ပျက်ကို သတိထားမယ် ဆိုလို့ရှိရင်လဲ ခုနင်က သုဗြဟ္မနတ်သားတို့ အပါယ်တားနိုင်တယ်ဆိုတာလဲ သေချာတယ် . . . (မှန်ပါ့) သေသေချာချာ သွားမည့်ပုဂ္ဂိုလ်ကို တားတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘာပူစရာရှိသလဲ . . . တဲ့ မေ့ဘေး တစ်ခုသာရှောင် . . . (မှန်ပါ့)။

ကိုဝတို့ ကိုပေါ်တို့ ဘာရှောင်ရမလဲ . . . (မေ့ဘေးတစ်ခုသာ ရှောင်ရပါမယ်ဘုရား)။

မေ့ဘေးကို ရှောင်ပြီးသကာလ . . . ရှုရေးကိုသာ ဆောင်မယ် ဆိုရင်ဖြင့် ဘာမှမပူနဲ့ . . . (မှန်ပါ့)။

မေ့ဘေးကိုရှောင် . . . (ရှုရေးကိုဆောင်ရမယ်) ရှုရတဲ့အရေး ကိုဆောင် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

မေ့ဘေးကို . . . (ရှောင်ရပါမယ်) ရှုရမည့်အရေးကို . . . (ဆောင်ရပါမည်ဘုရား)။

အဲဒါ ဒီမိုးနဲ့မြေကြီးကွာသလို အကျိုးပေးကွာသွားမယ် . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် လုပ်တတ်ကြပလား . . .(လုပ်တတ်ပါပြီ) ဒါဖြင့် ဖြစ်ပျက်ရှုတဲ့အလုပ်ဟာ သာမည အရေးကြီးသလား၊ အထူးပဲ

ခရီးပေါက်လွယ်သလား . . . (အထူးပဲ ခရီးပေါက်လွယ်ပါတယ် ဘုရား) ဒီ ငါးရာတစ်ယောက်ဟာ ချက်ချင်း သေချာသွားတယ် (မှန်ပါ့)။

**ဖြစ်ပျက်ဆုံးအောင် လိုက်–လိုက်စမ်းပါ**

အဲဒါကြောင့် ဖြစ်ပျက်မြင်အောင် ရှုပါ၊ ဒီထက်ရှုနိုင်လို့ ရှိရင် ဖြစ်ပျက် မှန်းအောင်ရှုပါ . . . (မှန်ပါ့) ဟာ . . . ဒီထက် ခင်ဗျားတို့ မပျင်းမရိဘဲနဲ့ မေ့ဘောမသင့်ပါစေနဲ့၊ ဆုံးအောင် လိုက်–လိုက်စမ်းပါဆိုရင် ပြီးသွားတာပဲ . . . (မှန်ပါ့) မပြီးဘူး လား . . .(ပြီးပါတယ်ဘုရား) ရိုပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘေးတကာ့ဘေး ဘယ်ဘေးကြောက်စရာ အကောင်း ဆုံးတုံး . . . (မေ့ဘေးကြောက်စရာ အကောင်းဆုံးပါဘုရား) မေ့ဘေးကို ပါဠိလိုက . . . (အသဒ္ဓမ္မတောဝါပါဘုရား)။

အဲ . . . အသဒ္ဓမ္မတောဝါကို သဒ္ဓမ္မတောဝါဖြစ်အောင် လုပ် ပေး . . . (မှန်ပါ့) သဒ္ဓမ္မတောဝါဆိုတဲ့ဥစ္စာ လုပ်ပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အသဒ္ဓမ္မကို သဒ္ဓမ္မသာ ဖြစ်လို့ရှိရင် သေချာပေါ့လို့ ဆုံးဖြတ်ချက်ချပါ . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီနေ့တရား နာရီတောင် ပိုသွားပြီ . . . (မှန်ပါ့)။

**ကဲ . . . ဒီနေ့ ဒီတွင် တော်ကြဦးစို့ . . .**

**သာဓု . . သာဓု . . သာဓု . .**